မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်၊ ၂၀၀၅ ခုနှစ်၊ မတ် ၈ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၅၉)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပ

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သဘာပတိအဖြစ်ဆောင်ရွက် ညီလာခံသို့တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၁ ဦးအနက် ၁၀၇၂ ဦးတက်ရောက်၍ အထမြောက်

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၇

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံ ရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်များကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များက ဖတ်ကြားတင်ပြကြသည်။

တက်ရောက်

အဆိုပါ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊

စာမျက်နှာ ၈ ကော်လံ ၁ ●

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း ခေါင်းကြီး ဆောင်းပါး အညွှန်း

- နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၏အခြေခံသည် ကျေးလက်ဒေသများဖြစ်၍ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်မှသာ မြို့နယ်များ၊ ခရိုင်များ၊ ပြည်နယ်၊ တိုင်းများနှင့်တကွ ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ခေါင်းကြီး(စာ-၂)

- အရေးကြီးသီးနှံ ၁၀မျိုး ပန်းတိုင်အထွက်နှုန်း ပြည့်မီအောင် တစ်နိုင်ငံလုံး ကြိုးပမ်းနိုင်ခြင်းဖြင့် ပြည်တွင်းစားရေး၊ ဝတ်ရေး ပြည့်စုံလာနိုင်ခြင်း၊ ပြည်ပပို့ကုန် တိုးတက်လာနိုင်ခြင်း၊ နိုင်ငံခြားသုံးဝင်ငွေ တိုးတက်လာနိုင်ခြင်း၊ နိုင်ငံခြားသုံးငွေသုံးစွဲမှု ချွေတာလာနိုင်ခြင်း စသော ရလဒ်ကောင်းများ အများအပြား ဖြစ်ထွန်းလာမည် မုချဖြစ်လေ၏။

ရတနာစည်ဆရာတော်(လှိုင်လင်)၏ ဆောင်းပါး (စာ-၁၀၊ ၁၁)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ မတ်လ ၈ ရက်)

ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေး ကျေးလက်ဒေသဖွံ့ဖြိုးရေး အလေးထားဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အား အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးအဖြစ် အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်တစ်ဝန်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ပြီး မြို့ပြနှင့် ကျေးလက်ဒေသ ကွာဟမှုမရှိစေရန် အလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် လူဦးရေ ၅၄သန်းကျော်ရှိသည့်အနက် ၇၀ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများ ဖြစ်ကြသည်။ ကျေးလက်ပြည်သူများ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖြစ်ကြသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကျေးလက်ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်းလည်း တိုးတက်မြင့်မားလာမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်က ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ကျေးလက်ဒေသ သောက်သုံးရေ ရရှိရေး၊ ကျေးလက်ဒေသ ပညာရည် မြင့်မားရေး၊ ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း မြင့်မားရေးနှင့် ကျေးလက်ဒေသ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဟူသည့် ကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်အနက် ကျေးလက်ဒေသများအတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးနှင့် ကျေးလက်ဒေသ ရေရရှိရေးလုပ်ငန်းများကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် စေတနာရှင်ပြည်သူများ၊ အဖွဲ့အစည်းများကလည်း ကျေးလက်လမ်းများ ဖောက်လုပ်ရာတွင်လည်းကောင်း၊ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း တက်တက်ကြွကြွ ပူးပေါင်း ပါဝင်ကူညီလျက်ရှိသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးတွင် အခြေခံကျသည့် ကျေးလက်ဒေသအချင်းချင်း ဆက်သွယ်သည့် လမ်းများ၊ ကျေးလက်နှင့်မြို့ပြ ဆက်သွယ်သည့်လမ်းများ ကောင်းမွန်စေရန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ပေးနေသကဲ့သို့ ရေရှားပါးသည့် ဒေသများတွင်လည်း သန့်ရှင်းသောသောက်သုံးရေနှင့် စိုက်ပျိုးရေများရရှိစေရန် တိုးချဲ့ဆောင်ရွက်ပေးလျက် ရှိသည်။

ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးတို့ ဖွံ့ဖြိုးတိုးတက်လာကာ ကျေးလက်ဒေသများ စည်ပင်ဝပြောလာမည်ဖြစ်သည်။ ထို့ပြင် ကျေးလက်ဒေသများတွင် ရေလှောင်တမံနှင့် မြစ်ရေတင်စီမံကိန်းများကို နိုင်ငံတော်က တည်ဆောက်ပေးခဲ့၍ ဒေသခံ တောင်သူလယ်သမားတို့၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများသည် ယခင်ကထက် တွင်ကျယ်စွာ လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းများရရှိလာသည်။ ယခုအခါ တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစားအထိ တိုးတက်စိုက်ပျိုးနိုင်ကြပြီ ဖြစ်သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံသည် ကျေးလက်ဒေသများဖြစ်၍ ကျေးလက်ဒေသများ ဖွံ့ဖြိုး တိုးတက်မှသာ မြို့နယ်များ၊ ခရိုင်များ၊ ပြည်နယ်၊ တိုင်းများနှင့်တကွ ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

သို့ဖြစ်ရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများက ဒေသခံပြည်သူများနှင့် လက်တွဲ၍ အလေးထားကြိုးပမ်းလုပ်ဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၅ခုနှစ်အတွက် စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးမှု လျာထားသတ်မှတ်ချက်များ တရုတ်နိုင်ငံ၏အစီရင်ခံစာ၌ဖော်ပြ

ပေကျင်း မတ် ၆

တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက်(အင်ပီစီ) အမတ်များက စစ်ဆေးအတည်ပြုမည့် အစီရင်ခံစာတစ်ရပ်ကို အင်ပီစီသို့ တင်သွင်းခဲ့ရာတွင် ယင်းအစီရင်ခံစာ၌ ပါရှိသော ၂၀၀၅ခုနှစ် စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးရေး ဘက်ပေါင်းစုံ လျာထားသတ်မှတ်ချက်များကို ပေကျင်း၌ စနေနေ့က ထုတ်ဖော် ပြသလိုက်သည်။

စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ၂၀၀၄ခုနှစ်စီမံကိန်း အကောင်အထည်ဖော်မှု အစီရင်ခံစာနှင့် ၂၀၀၅ခုနှစ် စီမံကိန်းမူကြမ်းဆိုင်ရာ အစီရင်ခံစာတို့ကို အမျိုးသားဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်က ရေးဆွဲခဲ့ခြင်းဖြစ်သည်။

ထည့်သွင်းမည်

ယင်းလျာထားသတ်မှတ်ချက် အစီရင်ခံစာ၌ တရုတ်နိုင်ငံသည် အစိုးရလုပ်ငန်းများမှ ထုတ်ပယ်ထားသော အလုပ်သမားများအတွက် ဝမ်းရေးဖူလုံမှု ခွင့်ပြုချက်များကို ယခုနှစ်၌ အလုပ်လက်မဲ့ အာမခံစနစ်ထဲသို့ အခြေခံအားဖြင့် ဖြည့်စွက်ထည့်သွင်းမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့ပြင် ၂၀၀၅ခုနှစ်အတွင်း၌ ကမ္ဘာ့စီးပွားရေးနှင့် ကုန်သွယ်ရေးကို ဆက်လက်တိုးတက်စေရန် အစီရင်ခံစာ၌ သတ်မှတ်ဖော်ပြထားသည့်အပြင် တရုတ်နိုင်ငံသည် နိုင်ငံခြားကုန်သွယ်မှုတွင် ဆောင်ရွက်ပိုင်ခွင့်နှင့် ပတ်သက်၍ ထိန်းချုပ်မှုများအားလုံးကို ယခုအခါ ရုပ်သိမ်းပေးထားရာ တရုတ်နိုင်ငံ၏ ပို့ကုန်များကို အသစ်တစ်ဖန် သွက်လက်ချက်ချာလာစေမည့်ပြင် ကုန်ပစ္စည်းတင်ပို့မှု ပမာဏကို တိုးလာစေမည် ဖြစ်သည်။ ပြည်တွင်းစီးပွားရေးလျင်မြန်စွာ တိုးတက်မှုကို ထိန်းထားမည်ဖြစ်ရာ သွင်းကုန် လိုအပ်ချက်သည်လည်း ဆက်လက်ကျယ်ပြန့်လာမည်ဖြစ်သည်ဟု အစီရင်ခံစာ၌ ဖော်ပြထားသည်။

တိုးတက်စေမည်

သိပ္ပံနှင့်နည်းပညာ၊ ပညာရေး၊ ယဉ်ကျေးမှု၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍများ တိုးတက်ဖွံ့ဖြိုးမှုကို အရှိန်ရစေမည်ဖြစ်ပြီး မွေးဖွားနှုန်းကို ဆက်လက် နှိမ့်ချကာ မွေးဖွားလာသော ကလေးငယ်များ၏ ကျန်းမာရေးကို တိုးတက်စေမည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

ဗီယက်နမ်တွင် ကြက်ငှက်တုပ်ကွေးကာကွယ်ဆေး မျောက်များ၌ စမ်းသပ်အောင်မြင်

ဟန္နွိုင်း မတ် ၆

ဗီယက်နမ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေး ကာကွယ်ဆေးတစ်မျိုးကို မျောက်များ၌ ကနဦးစမ်းသပ်မှုသည် အောင်မြင်မှုရကြောင်း ထိပ်တန်းဆေးပညာပိုင်းအရာရှိတစ်ဦးက သောကြာနေ့၌ ပြောကြားခဲ့သည်။

ဗီယက်နမ် သုတေသီများသည် အိပ်ချ်-၅အင်-၁ ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်အပေါ် အခြေခံထားသည့် ကာကွယ်ဆေးတစ်မျိုးကို ယခုလအစောပိုင်း၌ မျောက်သုံးကောင်တွင် စမ်းသပ်ခဲ့ရာ သုံးပတ်အကြာ၌ ထိုမျောက်များ ကျန်းမာစွာရှိကာ ရောဂါကာကွယ်သော ပဋိပစ္စည်းများ ထုတ်လုပ်ပေးကြောင်း တွေ့ရှိခဲ့ရသည်။

မျှော်လင့်

သုတေသီများသည် ထိုမျောက်များတွင် ကာကွယ်ဆေးများကိုထပ်မံ၍ တစ်ကျော့ပြန်ထိုးပေးထားပြီး လာမည့်နှစ်ပတ်အတွင်း အဖြေရရှိမည်ဟု မျှော်လင့်ထားကြောင်း သန့်ရှင်းမှု၊ ကူးစက်ရောဂါပြန့်ပွားခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာ ပညာရပ်ဌာနညွှန်ကြားရေးမှူး ဟိုငုယင်ထန်ဟိန်က ပြောကြားသည်။ စက်တင်ဘာလထဲတွင် စမ်းသပ်မှုများကို မိမိဆန္ဒအလျောက် အစမ်းသပ်ခံမည့်သူ အနည်းငယ်အား ပြုလုပ်နိုင်မည်ဟု မျှော်လင့်ကြောင်း ကာကွယ်ဆေး သုတေသန အုပ်စုခေါင်းဆောင် ဟိုအန်သိုင်ငုယင်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

မြဝတီရုပ်မြင်သံကြား

၈-၃-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ ၆။ ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ်
၄း၄၅ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Composition Study (ဒုတိယနှစ်-အင်္ဂလိပ်စာ)
၅း၃၀ ၉။ ပညာခေတ်
၅း၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရင်မှာတိုးဖော့ မွေးနေဆဲ"** (အပိုင်း-၁၂)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ မြန်မာ့ရှုခင်း
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်နှာဖုံးလူနဲ့ ရွှေမင်းသမီး"** (အပိုင်း-၉)

တရုတ်၏ဒုတိယမြောက် အာကာသပျံသန်းမှုအစီအစဉ် အာကာသယာဉ်မှူး ၁၀ဦးအား ငါးစုံတွဲပြီးလေ့ကျင့်ပေးနေ

ပေကျင်း မတ် ၆

တရုတ်နိုင်ငံ၏ ဒုတိယမြောက် လူလိုက်ပါမည့် အာကာသပျံသန်းမှု အစီ အစဉ်တွင် အာကာသယာဉ်မှူး၁၀ဦးအား ငါးစုံတွဲတွဲစေလျက် တရုတ်နိုင်ငံက လေ့ကျင့်ပေးလျက်ရှိကြောင်း ဒုံးပျံကျွမ်းကျင်သူ ပညာရှင်တစ်ဦးက ထုတ်ဖော်ပြောကြားလိုက်သည်။

တရားဝင် လွှတ်တင်ခြင်းမပြုမီ တစ်လအကြိုတွင် ယှဉ်ပြိုင်မှုလေ့ကျင့်သင်ကြားရာ၌ ညံ့ဖျင်းသော သင်တန်းသား နှစ်စုံတွဲမှာ အရည်အချင်း မပြည့်စုံသည့်စုံတွဲများဖြစ်မည် ဖြစ်သည်။

သို့ရာတွင် နောက်ဆုံးမိနစ်ထိတိုင်အောင် ကျန်ရှိသော စုံတွဲသုံးစုံတွဲတွင် မည်သည့်စုံတွဲသည် တရားဝင်ယာဉ်မှူးများ ဖြစ်လာမည်ကို ဆုံးဖြတ်မည်မဟုတ်ကြောင်း တရုတ်နိုင်ငံ၏ လူလိုက်ပါသော အာကာသပျံသန်းမှု အစီအစဉ်၏ လွှတ်တင်ရေးအကြီးအကဲဖြစ်သူ ဟွမ်ချန်ပင်းက ပြောကြားသည်ဟု သောကြာနေ့ထုတ် ပေကျင်းတိုင်းမ် သတင်းစာက ရေးသားဖော်ပြသည်။

၂၀၀၃ခုနှစ် အောက်တိုဘာလထဲတွင် ရှန်ကျိူ့-၅ အာကာသယာဉ်ကို ပထမဆုံး လူလိုက်ပါစေကာ တရုတ်နိုင်ငံက လွှတ်တင်ခဲ့ပြီး ယခုနှစ်ကုန်ပိုင်း၌ ရှန်ကျိူ့-၆ကို လွှတ်တင်ရန် စီစဉ်ထားသည်။ တရုတ်နိုင်ငံ၏ ပထမဆုံး အာကာသ ယာဉ်မှူးဖြစ်သော ယန်လီဝေလည်း သင်တန်းသားများထဲတွင် ပါဝင်ကြောင်း မစ္စတာဟွမ်က ထုတ်ဖော် ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက် အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီ တပ်မတော်တည်ဆောက်ရေး။

နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ကြောင်းကြီးများ မြို့မကွင်း၌တပ်ပါစစ်ရေးပြလေ့ကျင့်မှု ဆက်လက်လေ့ကျင့်

ရန်ကုန် မတ် ၇

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများသည် ယနေ့နံနက် ၅နာရီခွဲမှ နံနက် ၉နာရီခွဲအထိ ရန်ကုန်မြို့ မြို့မကွင်း၌ တပ်ပါစစ်ရေးပြလေ့ကျင့်မှုများကို ဆက်လက်လေ့ကျင့်ကြသည်။

ယင်းသို့ စစ်ရေးပြလေ့ကျင့်မှုများကို ဆောင်ရွက်ရာတွင် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ညီထွန်း ဦးဆောင်၍ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကျော်ဦး ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး သာအောင်ဦးဆောင်သည့်ကျန်စစ်သားစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး အောင်ကျော်ဦး ဦးဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ဇော်ဝင်း ဦးဆောင်သည့် နဝဒေးစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမျိုးဝင်း ဦးဆောင်သည့် အောင်ဇေယျစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်အောင်မြင့် ဦးဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်မောင်ဦး ဦးဆောင်သည့် ဗန္ဓုလစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးဝင်းဆွေ ဦးဆောင်သည့် မြဝတီစစ်ကြောင်းနှင့် စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသိန်းဇော် ဦးဆောင်သည့် အောင်ဆန်းစစ်ကြောင်းတို့မှ တပ်မတော်သားများက တပ်ပါစစ်ရေးပြလေ့ကျင့်မှုများကို ပြုလုပ်ကြသည်။

ကြည့်ရှုစစ်ဆေး

စစ်ရေးပြလေ့ကျင့်မှုများကို နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများ လာရောက်ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းများ၏ စစ်ရေးပြလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (ထပဆ)

နှစ်(၆၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲဆုရရှိကြသူများ

ရန်ကုန် မတ် ၇

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိကြသူများ စာရင်းကို ယနေ့ထုတ်ပြန် ကြေညာသည်။

စစ်သည်တော်ကျင့်ဝတ်

စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ၌ အရာရှိအဆင့်တွင် ပထမဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ဗိုလ်ကြီးကျော်ဇောလင်း၊ ဒုတိယဆုကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်ကြီး ဒေါ်ဖြူဖြူဖွေးမြင့်၊ တတိယဆုကို ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမှ ဗိုလ်ကြီးဇော်မိုးလွင်တို့က လည်းကောင်း။

အရာခံအဆင့်

အရာခံအဆင့်တွင် ပထမဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ဒုတိယအရာခံဗိုလ်ကျော်ဌေး၊ ဒုတိယဆုကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုတိယအရာခံဗိုလ်ထွန်းဝင်း၊ တတိယဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ လေကြောင်းလမ်းပြ(၁) မောင်ဌေးတို့က လည်းကောင်း။

အကြပ်အဆင့်

အကြပ်အဆင့်တွင် ပထမဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ အုပ်ခွဲတပ်ကြပ်ကြီး ခင်ဇော်လွင်၊ ဒုတိယဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) မှ တပ်ကြပ်အောင်သူအေး၊ တတိယဆုကို အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ တပ်ကြပ်ကြီးသန်းဇော်ဦးတို့က လည်းကောင်း။

တပ်သားအဆင့်

တပ်သားအဆင့်တွင် ပထမဆုကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်သား အောင်မြင့်ဦး၊ ဒုတိယဆုကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်သား ကောင်းမြတ်ထွေး၊ တတိယဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ တပ်သားမြင့်ဇော်ဦးတို့က လည်းကောင်း အသီးသီးရရှိကြသည်။

ကျပန်းစကားပြောပြိုင်

ကျပန်းစကားပြောပြိုင်ပွဲ အရာရှိအဆင့်တွင် ပထမဆုကို အမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ်မှ ဗိုလ်ကြီးသက်အောင်၊ ဒုတိယဆုကို ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမှ ဗိုလ်ကြီးသိန်းရွှေဝင်း၊ တတိယဆုကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ ဗိုလ်သိန်းဇော်တို့က လည်းကောင်း။

အရာခံအဆင့်

အရာခံအဆင့်တွင် ပထမဆုကို တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုတိယအရာခံဗိုလ်မျိုးဝင်း၊ ဒုတိယဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ ဒုတိယအရာခံဗိုလ်စိုးသိန်း၊ တတိယဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ လေကြောင်းလမ်းပြ(၁) အောင်ဇော်ဦးတို့က လည်းကောင်း။

အကြပ်အဆင့်

အကြပ်အဆင့်တွင် ပထမဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ဒုတိယတပ်ကြပ် လွင်အေး၊ ဒုတိယဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ တပ်ကြပ်အောင်ညွှန့်၊ တတိယဆုကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်ကြပ်ကြီး ဝင်းထက်တို့က လည်းကောင်း။

တပ်သားအဆင့်

တပ်သားအဆင့်တွင် ပထမဆုကို အမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ်မှ တပ်သား မျိုးညွန့်ထွေး၊ ဒုတိယဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ တပ်သားမျိုးညွန့်၊ တတိယဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ တပ်သား အောင်ဇော်ဝင်းတို့က လည်းကောင်း အသီးသီးဆုများ ရရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်ဆင့်ကမ်းအမွေ

❒ မြန်မာ့လူ့ဘောင်
ညီ,နောင်တိုင်းရင်း၊ သွေးသားချင်းတို့
ရိုင်းပင်းပေါင်းစု၊ "ပြည်ထောင်စု"မှာ
ယခုခါမူ၊ အေးတူပူမျှ
နေထိုင်ကြပေ၊ လူဦးရေကား
ပဝေသဏီ၊ ရှေးဆီကထက်
ဆတက်ထမ်းပိုး၊ အင်အားတိုးပွား
ငါးဆယ့်လေးသန်းကျော်ခဲ့ပြီ။ ။

❒ ဤပြည်သူများ
စားနပ်ရိက္ခာ၊ ပူစရာနတ္ထိ
ကြောင့်ကြစရာမရှိအောင်၊ ကိုံဆောင်တွက်ဆ
မူဝါဒဖြင့်၊ အစိုးရနှင့်ပြည်သူ
ဝန်ထမ်းဟူသမျှ၊ ကြိုးပမ်းကြရာ
ရိက္ခာကုံလုံ၊ ဖူလုံပိုလျှံ
ရွှေနိုင်ငံမြန်မာ ပြည်ထောင်စု။ ။

❒ ဤမှနောင်ဝယ်
ငါးဆယ်နှစ်မျှ၊ ထိုကာလ၌
သုံးဆခန့်တိုး၊ ပြည်သူ့အကျိုးတွက်
ဆက်လက်သယ်ပိုး၊ ကြိုးပမ်းလုံ့လ
စိုက်ထုတ်ကြအံ့၊ အူမတောင့်တင်း
သီတင်းသီလ၊ စောင့်နိုင်ကြရန်
ကောင်းမွေမှန်ကို
ကေန်လက်ဆင့်ကမ်းကြစို့။ ။

ဦးအောင်မွန်(မဟာဝိဇ္ဇာ)

နိုင်ငံတော်သမ္မတက နိုင်ငံတော်အကြီးအကဲအဖြစ်ဆောင်ရွက်သည့် နိုင်ငံအများအပြား၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကိုလေ့လာရာတွင် နိုင်ငံတော်သမ္မတအား မိမိသဘောဆန္ဒအလျောက် လွတ်ငြိမ်းချမ်းသာခွင့်၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အာဏာများ အပ်နှင်းထားခြင်းတွေ့ရှိရ

✻ *ကျောဖုံးမှ*

ထိုသို့ချမှတ်ခဲ့ပြီးသည့် အခြေခံရမည့်မူနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ နိုင်ငံတော်သမ္မတအား နိုင်ငံတော်အကြီးအကဲအဖြစ်လည်းကောင်း၊ နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲအဖြစ်လည်းကောင်း ထမ်းဆောင်ကျင့်သုံးရမည့် အုပ်ချုပ်ရေးဆိုင်ရာတာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်အပ်နှင်းရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့သတ်မှတ်အပ်နှင်းရာတွင် နိုင်ငံတော်သမ္မတအနေဖြင့်–

- မိမိဆန္ဒအလျောက် ဆောင်ရွက်ကျင့်သုံးရမည့် အုပ်ချုပ်ရေးဆိုင်ရာတာဝန်နှင့်လုပ်ပိုင်ခွင့်များဟူ၍ လည်းကောင်း၊
- မိမိသဘောဆန္ဒအလျောက် ဆောင်ရွက်ကျင့်သုံးပြီး ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရမည့် အုပ်ချုပ်ရေးဆိုင်ရာတာဝန်နှင့် လုပ်ပိုင်ခွင့်များဟူ၍ လည်းကောင်း၊
- ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့်သာ ဆောင်ရွက်ကျင့်သုံးရမည့် အုပ်ချုပ်ရေးဆိုင်ရာတာဝန်နှင့် လုပ်ပိုင်ခွင့်များဟူ၍ လည်းကောင်း

ခွဲခြားအပ်နှင်းရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတအနေဖြင့် မိမိသဘောဆန္ဒအလျောက် ဆောင်ရွက်ကျင့်သုံးသည်ဟုဆိုရာတွင် မိမိသဘောဆန္ဒအလျောက် ဆောင်ရွက်ကျင့်သုံးသည့် ကိစ္စရပ်များအပြင် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထားသော သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်လည်းကောင်း၊ အကြံပေးပုဂ္ဂိုလ်များနှင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက်သည့်ကိစ္စများလည်း အကျုံးဝင်ကြောင်း ရှင်းလင်းတင်ပြလိုကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီး၏ ဖွဲ့စည်းပုံအခြေခံဥပဒေများအရ နိုင်ငံတော်သမ္မတအား အပ်နှင်းထားသော အုပ်ချုပ်ရေးဆိုင်ရာတာဝန်နှင့် လုပ်ပိုင်ခွင့်များကို လုပ်ငန်းကော်မတီအနေဖြင့် စိစစ်လေ့လာခဲ့ကြောင်း၊ ထိုသို့စိစစ်လေ့လာရာတွင်–

- နိုင်ငံတော်သမ္မတအနေဖြင့် နိုင်ငံတော်အကြီးအကဲအပြင် နိုင်ငံတော်အစိုးရအကြီးအကဲအဖြစ်ဆောင်ရွက်သည့် နိုင်ငံအချို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကိုလည်းကောင်း၊
- နိုင်ငံတော်သမ္မတအနေဖြင့် နိုင်ငံတော်အကြီးအကဲအဖြစ်သာ ဆောင်ရွက်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရ အကြီးအကဲအဖြစ် ဆောင်ရွက်သည့် နိုင်ငံအချို့၏ဖွဲ့စည်းပုံ အခြေခံဥပဒေများကို လည်းကောင်း

စိစစ်လေ့လာခဲ့ကြောင်း။

ထို့အပြင် ၁၉၄၇ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတအားလည်းကောင်း၊ ၁၉၇၄ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်ကောင်စီအားလည်းကောင်း အပ်နှင်းထားသည့် အုပ်ချုပ်ရေးဆိုင်ရာတာဝန်နှင့် လုပ်ပိုင်ခွင့်များကိုလည်း စိစစ်လေ့လာခဲ့ကြောင်း။

ချမှတ်ခဲ့ပြီးသည့် အခြေခံရမည့်မူများအရ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အကြီးအကဲနှင့် ပြည်ထောင်စုအစိုးရအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်၍ ယင်းအား အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်စေရန် လိုအပ်သည့်တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျယ်ကျယ်ပြန့်ပြန့် အပ်နှင်းထားသင့်ကြောင်း။

ဖော်ပြပါစိစစ်လေ့လာချက်များကို အခြေပြုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် ချမှတ်မည့်အသေးစိတ်အခြေခံရမည့်မူများတွင် နိုင်ငံတော်သမ္မတက မိမိသဘောဆန္ဒအလျောက် ဆောင်ရွက်ပိုင်ခွင့်ရှိသည့် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းတာဝန်များ၊ မိမိသဘောဆန္ဒအလျောက် ဆောင်ရွက်ပြီးနောက် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူသည့် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များ၊ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူပြီးမှ ဆောင်ရွက်ပိုင်ခွင့်ရှိသည့် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းတာဝန်များဟု ခွဲခြားပြီး လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း။

ချမှတ်ခဲ့ပြီးသည့် အသေးစိတ်အခြေခံရမည့်မူများအရ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အကြီးအကဲအဖြစ်လည်းကောင်း၊ ပြည်ထောင်စုအစိုးရ အကြီးအကဲအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ရမည်ဖြစ်၍ ယင်းအား ပြည်ထောင်စု၏ အုပ်ချုပ်မှုအခွင့်အာဏာကို အပြည့်အဝ ပေးအပ်ဆောင်ရွက်စေရန်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏အကျိုး၊ ပြည်သူများ၏အကျိုးကိုရှေးရှုပြီး နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မြန်မြန်ဆန်ဆန် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

သို့သော်လည်း နိုင်ငံတော်သမ္မတသည် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် အကြွင်းမဲ့ကျင့်သုံးနိုင်သည့် သဘောမျိုးမဖြစ်စေဘဲ ပြန်လည်တာဝန်ခံစေမှုမျိုးလည်း ရှိသင့်ကြောင်း၊ နိုင်ငံတော်သမ္မတကို ရွေးချယ်တင်မြှောက်ရာတွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့သုံးဖွဲ့ဖြင့် ဖွဲ့စည်းထားသည့် သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က ဒုတိယသမ္မတသုံးဦးကို ရွေးချယ်ပေးပြီး ယင်းဒုတိယသမ္မတသုံးဦးအနက် မိမိတို့ကြိုက်နှစ်သက်သည့် ဒုတိယသမ္မတတစ်ဦးကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က နိုင်ငံတော်သမ္မတအဖြစ် ဆန္ဒမဲပေးရွေးချယ်တင်မြှောက်ထားခြင်းဖြစ်၍ **နိုင်ငံတော်သမ္မတအနေဖြင့် ပြည်ထောင်စုလွှတ်တော်အား တာဝန်ခံရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသင့်ကြောင်း၊** ဒုတိယသမ္မတများသည်လည်း ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များကပင် ရွေးချယ်တင်မြှောက်ထားခြင်းဖြစ်ရန် နိုင်ငံတော်သမ္မတအားလည်းကောင်း၊ နိုင်ငံတော်သမ္မတမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်အားလည်းကောင်း တာဝန်ခံရမည်ဟု သတ်မှတ်ထားသင့်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများက ပြည်ထောင်စုလွှတ်တော်သို့ တာဝန်ခံမှုနှင့်စပ်လျဉ်းပြီး–

"နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်အား တာဝန်ခံရမည်။ ဒုတိယသမ္မတများသည် နိုင်ငံတော်သမ္မတအားလည်းကောင်း၊ နိုင်ငံတော်သမ္မတမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်အားလည်းကောင်း တာဝန်ခံရမည်။" ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန်သင့်မသင့် ဆွေးနွေးအကြံပြုကြရန်ဖြစ်ကြောင်း။

အမျိုးသားညီလာခံက ချမှတ်ထားသည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအရ နိုင်ငံတော်၏အကြီးအကဲသည် သမ္မတဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်ကို ကိုယ်စားပြုပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ နိုင်ငံသားအားလုံး၏ အကြီးအကဲ နိုင်ငံ့ခေါင်းဆောင်ဖြစ်ကြောင်း၊ ထို့အပြင် **နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အုပ်ချုပ်ရေး အကြီးအကဲဖြစ်သည့်အားလျော်စွာ နိုင်ငံတော်အရေးအရာများဖြစ်သော နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး စသည့် နိုင်ငံတော်အရေးအရာများကို ဆုံးဖြတ်သည့်အခါ ရှုထောင့်မျိုးစုံက ကြည့်ရှုဆုံးဖြတ်ရန်လည်း လိုအပ်ကြောင်း။**

နိုင်ငံအချို့တွင်ဆိုလျှင် သမ္မတကို အကြံဉာဏ်ပေးနိုင်ရေးနှင့် အထောက်အကူပြုနိုင်ရေးအတွက် သမ္မတဦးဆောင်သော အမျိုးသားလုံခြုံရေးကောင်စီများကို အမည်အမျိုးမျိုးနှင့် ဖွဲ့စည်းထားကြသည်ကိုလည်း တွေ့ရကြောင်း၊ မိမိတို့နိုင်ငံ၏ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄(ခ)တွင် "ပြည်သူ့လွှတ်တော်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးရာကော်မတီတစ်ရပ်ကို နိုင်ငံတော်ကောင်စီဝင်များနှင့် ဝန်ကြီးအဖွဲ့ဝင်များထဲမှ သင့်လျော်သော အရေးအတွက်ရှိသည့်ပုဂ္ဂိုလ်များဖြင့် ဥပဒေနှင့်အညီ ဖွဲ့စည်းရမည်"ဟု ပြဋ္ဌာန်းထားကြောင်း။

ပြည်သူ့လွှတ်တော်သည် ၁၉၇၄ခုနှစ် မတ်လ၅ရက်တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးရာကော်မတီကို ဝန်ကြီးချုပ် ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် အဖွဲ့ဝင်ကိုးဦးဖြင့် စတင်ဖွဲ့စည်းခြင်းကို အတည်ပြုခဲ့ကြောင်း။

ချမှတ်ထားသော အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့တွင် ဝန်ကြီးချုပ်မပါရှိတော့ဘဲ နိုင်ငံတော်သမ္မတက ဦးဆောင်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏ အုပ်ချုပ်ရေးအကြီးအကဲဖြစ်သည့်အားလျော်စွာ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လုံခြုံရေး စသည်များကို နေ့စဉ်နှင့်အမျှ ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အချို့လုံခြုံရေးနှင့် ကာကွယ်ရေးကိစ္စများမှာဆိုလျှင် အချိန်နှင့်တစ်ပြေးညီ ချက်ချင်းဆုံးဖြတ်ဆောင်ရွက်ပေးရခြင်းမျိုးလည်း ရှိနိုင်ကြောင်း၊ ထိုကဲ့သို့ အခြေအနေမျိုးတွင် ချမှတ်ရသည့် ဆုံးဖြတ်ချက်မျိုးသည် တစ်ဦးကောင်း၊ တစ်ယောက်ကောင်း ဆုံးဖြတ်ပေးခြင်းမျိုးမဟုတ်ဘဲ စုပေါင်းဆွေးနွေးပြီးမှ ဆုံးဖြတ်ခြင်းသည်သာ ပိုမိုပြည့်စုံမှန်ကန်သော ဆုံးဖြတ်ချက်ဖြစ်နိုင်ကြောင်း။

ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ် အရသော်လည်းကောင်း ပေးအပ်လာသည့်တာဝန်များကို ထမ်းဆောင်နိုင်ရန် နိုင်ငံတော်သမ္မတဦးဆောင်သည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ (National Defence and Security Council)ကို

(၁) နိုင်ငံတော်သမ္မတ
(၂) ဒုတိယသမ္မတ
(၃) ဒုတိယသမ္မတ
(၄) ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ
(၅) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ
(၆) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
(၇) ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်
(၈) ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး
(၉) နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး
(၁၀) ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး
(၁၁) နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး

တို့ဖြင့် ဖွဲ့စည်းသင့်ကြောင်း လေ့လာတွေ့ရှိရကြောင်း။

ထို့ကြောင့် နိုင်ငံတော်သမ္မတဦးဆောင်သည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို အထက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းရန် အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့် မသင့်ဆွေးနွေးအကြံပြုကြရန်ဖြစ်ပါကြောင်း။

ဆက်လက်ပြီး "လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း"ဆိုင်ရာ တာဝန်နှင့် လုပ်ပိုင်ခွင့်ကို နိုင်ငံတော်သမ္မတအားအပ်နှင်းရန် သင့်မသင့်ကိစ္စကို ဆွေးနွေးတင်ပြလိုကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးနေ့၊ အမျိုးသားနေ့၊ တပ်မတော်နေ့ စသည့် နေ့ထူးနေ့မြတ်ကြီးများတွင်ဖြစ်စေ အခါအားလျော်စွာ သင့်လျော်သည့် အချိန်အခါများတွင်ဖြစ်စေ နိုင်ငံတော်အကြီးအကဲက မိမိနိုင်ငံအတွင်း ပြစ်ဒဏ်ကျခံနေရသူများအပေါ် သက်ညှာသည့်သဘောဖြင့် ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း၊ ပြစ်ဒဏ်လျှော့ပေါ့ပေးခြင်းများပြုလုပ်လေ့ရှိကြောင်း၊ တစ်ခါတစ်ရံ လက်နက်ကိုင်သောင်းကျန်းသူများအား ဥပဒေဘောင်အတွင်း ဝင်ရောက်လာစေရန် စည်းကမ်းချက်များဖြင့်ဖြစ်စေ၊ စည်းကမ်းချက်မပါဘဲဖြစ်စေ လွတ်ငြိမ်းချမ်းသာခွင့်ပေးသည့် အမိန့်မျိုးလည်း ထုတ်ပြန်လေ့ရှိကြောင်း။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် သမိုင်းစဉ်ကို ပြန်လည်လေ့လာကြည့်မည်ဆိုလျှင် နိုင်ငံတော်၏ နေ့ထူးနေ့မြတ်ကြီးများတွင်လည်းကောင်း၊ နိုင်ငံတော်၏အမျိုးသားရေးဆိုင်ရာလုပ်ငန်းကြီးများ အောင်မြင်ပြီးမြောက်သည့် အခါသမယတွင်လည်းကောင်း၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကိုရှေးရှု၍ လည်းကောင်း၊ အခါအားလျော်စွာ လိုအပ်သည်ဟု ထင်မြင်သည့်အခါမျိုးတွင်လည်းကောင်း နိုင်ငံတော်အကြီးအကဲက လွတ်ငြိမ်းချမ်းသာခွင့်၊ ပြစ်ဒဏ်လျှော့ပေါ့ခွင့် အမိန့်အမျိုးမျိုး ထုတ်ပြန်ခဲ့ကြောင်းကို လေ့လာတွေ့ရှိရပါကြောင်း။

နိုင်ငံတော်သမ္မတက နိုင်ငံတော်အကြီးအကဲအဖြစ် ဆောင်ရွက်သည့် နိုင်ငံအများအပြား၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာရာတွင် နိုင်ငံတော်သမ္မတအား မိမိသဘောဆန္ဒအလျောက် လွတ်ငြိမ်းချမ်းသာခွင့်၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အာဏာများ အပ်နှင်းထားခြင်းကို တွေ့ရှိရကြောင်း။

မြန်မာနိုင်ငံတွင် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ (၆၀)အရ လွတ်ငြိမ်းချမ်းသာခွင့်ပေးနိုင်သည့် အခွင့်အရေးသည် နိုင်ငံတော်အကြီးအကဲဖြစ်သော နိုင်ငံတော်သမ္မတ၌ တည်ရှိရမည်ဟု ပြဋ္ဌာန်းထားကြောင်း၊ သို့ရာတွင် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၇၃ ပုဒ်မခွဲ(ဏ)တွင် လွတ်ငြိမ်းချမ်းသာခွင့်ပေးပိုင်ခွင့်ကို နိုင်ငံတော်သမ္မတအား အပ်နှင်းခြင်းမပြုဘဲ နိုင်ငံတော်ကောင်စီအား အပ်နှင်းခြင်းပြုထားသည်ကို တွေ့ရှိရကြောင်း။

မြန်မာနိုင်ငံတွင် တည်ဆဲပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁အရ နိုင်ငံတော်သမ္မတသည် ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသားနှင့်စပ်လျဉ်း၍ မည်သည့်အခါတွင်မဆို စည်းကမ်းချက်ထား၍ဖြစ်စေ၊ စည်းကမ်းချက်မထားဘဲဖြစ်စေ အကျဉ်းသားအပေါ် ချမှတ်ထားသောပြစ်ဒဏ် ဆိုင်းငံ့ထားပိုင်ခွင့်ကို အပ်နှင်းထားသည့်အပြင် ပြစ်ဒဏ်အားလုံးကိုဖြစ်စေ၊ ပြစ်ဒဏ်အစိတ်အပိုင်းတစ်ရပ်ရပ်ကိုဖြစ်စေ လွတ်ငြိမ်းသက်သာခွင့်ပြုနိုင်ကြောင်း လုပ်ပိုင်ခွင့် ပေးအပ်ထားသည်ကိုတွေ့ရှိရကြောင်း၊ နိုင်ငံတော်သမ္မတအနေဖြင့်လည်းကောင်း၊ နိုင်ငံတော်သမ္မတ၏ လုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် ပြည်ထဲရေးဝန်ကြီးဌာန၊ တရားရေးဝန်ကြီးဌာနတို့ကလည်းကောင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁အရ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံးပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်များ ထုတ်ပြန်ခဲ့ကြောင်း။

လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းနှင့်စပ်လျဉ်း၍ ကမ္ဘာ့နိုင်ငံအသီးသီး၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အသုံးအနှုန်းအမျိုးမျိုး သုံးနှုန်းကြသည်ကို

စာမျက်နှာ ၅ ကော်လံ ၁

ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူစေသင့်

❑ **နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်တို့အကြား အပြန်အလှန် ထိန်းညှိဆောင်ရွက်ခြင်းဖြင့် ပြည်ထောင်စုအကျိုး ပိုမိုဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။ သို့သော်လည်း နိုင်ငံတော်သမ္မတအနေဖြင့် ချက်ချင်းအရေးယူဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စရပ်များတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့်ညှိနှိုင်းကာ အရေးယူဆောင်ရွက်ပြီး မိမိ၏အရေးယူဆောင်ရွက်ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူစေသင့်။**

စာမျက်နှာ ၄ မှ

တွေ့ရကြောင်း၊ ယေဘုယျအားဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း(Amnesty) ဟူ၍လည်းကောင်း၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခြင်း (Pardon) ဟူ၍ လည်းကောင်း သုံးနှုန်းလေ့ရှိကြကြောင်း။

လွတ်ငြိမ်းချမ်းသာခွင့် ပေးခြင်းဆိုသည့်စကားရပ်သည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခြင်းဆိုသည့် စကားရပ်ထက် အနက်အဓိပ္ပာယ် ပိုမိုကျယ်ဝန်းကြောင်း၊ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းဆိုရာတွင် နိုင်ငံတော်အစိုးရအား ဆန့်ကျင်သော လက်နက်ကိုင်သောင်းကျန်းသူ အဖွဲ့အစည်းဝင်များအား အလင်းဝင်ရောက်ရန် ဖိတ်ခေါ်ပြီး ၎င်းတို့၏လုပ်ဆောင်ချက်များ၊ ကျူးလွန်ခဲ့သည့်ပြစ်မှုများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း၊ တရားရုံးအသီးသီးတွင် တရားစွဲခံနေရသူများအား စစ်ဆေးဆဲအမှုများကို ပိတ်သိမ်းပြီး လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းဖောက်ဖျက်၍ ဌာနဆိုင်ရာ အရေးယူခြင်းခံနေရသော ဝန်ထမ်းများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း စသည်တို့အပြင် ပြစ်ဒဏ်အမျိုးမျိုး ကျခံနေရသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခြင်းလည်း ပါဝင်ကြောင်း။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခြင်း(Pardon)ဆိုရာတွင် ပြစ်ဒဏ်လျှော့ပေါ့ပြောင်းလဲခြင်း (Commutation)၊ ပြစ်ဒဏ်သက်သာခွင့်ပေးခြင်း(Remission)၊ ပြစ်ဒဏ်ဆိုင်းငံ့ထားခြင်(Suspension)၊ ပြစ်ဒဏ်ရွှေ့ဆိုင်းခြင်း(Reprieve)၊ မူလအခွင့်အရေးများ ပြန်လည်ရရှိစေခြင်း(Restoration of rights)ဆိုသည့် အဓိပ္ပာယ်များလည်း အကျုံးဝင် ပါရှိကြောင်း။

အထက်တွင် ဆွေးနွေးတင်ပြချက်များကို ထောက်ရှုလျက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်သမ္မတအား မိမိသဘောဆန္ဒအလျောက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်(Pardon) ပေးပိုင်ခွင့် အပ်နှင်းထားသင့်ကြောင်း လုပ်ငန်းကော်မတီအနေဖြင့် သုံးသပ်ရရှိကြောင်း။

သို့ရာတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ထက်ကျယ်ဝန်းသည့် လွတ်ငြိမ်းချမ်းသာခွင့်(Amnesty) ပေးပိုင်ခွင့်ကို နိုင်ငံတော်သမ္မတအား မိမိသဘောဆန္ဒအလျောက် ကျင့်သုံးခွင့်ပေးရန် သင့်မသင့်ကိစ္စကို အလေးအနက်ထားပြီး စဉ်းစားရမည်ဖြစ်ကြောင်း၊ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ထုတ်ပြန်ရာတွင် နိုင်ငံရေးရှုထောင့်မှ လည်းကောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးရှုထောင့်မှ လည်းကောင်း စိစစ်သုံးသပ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်အား လက်နက်ကိုင် ပုန်ကန်သောင်းကျန်းသူ အဖွဲ့အစည်းများနှင့် အဖွဲ့အစည်းဝင်များအား အလင်းဝင်ရောက်ရန် လွတ်ငြိမ်းချမ်းသာခွင့်အမိန့် ထုတ်ပြန်ရာတွင် ထိုအချိန်၌ ဖြစ်ပေါ်လျက်ရှိသည့် နိုင်ငံ၏ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် အခြေအနေအရပ်ရပ်ကို ချင့်ချိန်သုံးသပ်ရန် လိုအပ်ကြောင်း။

ထို့ကြောင့် **လွတ်ငြိမ်းချမ်းသာခွင့် ပေးခြင်းနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အခြားသတ်မှတ်ထားသော ကိစ္စများနှင့်စပ်လျဉ်း၍ လည်းကောင်း ဆုံးဖြတ်ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့်အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ထောက်ခံချက်နှင့်အညီ ထုတ်ပြန်နိုင်သော လွတ်ငြိမ်းချမ်းသာခွင့်(Amnesty) အမိန့်ထုတ်ပြန်ပိုင်ခွင့်ကို နိုင်ငံတော်သမ္မတအား အပ်နှင်းထားသင့်သည်**ဟု လုပ်ငန်းကော်မတီအနေဖြင့် သုံးသပ်ရရှိကြောင်း။

ထို့ကြောင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပေးခြင်းနှင့် လွတ်ငြိမ်းချမ်းသာခွင့် ပေးခြင်းဆိုင်ရာ နိုင်ငံတော်သမ္မတ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်နှင့်စပ်လျဉ်းပြီး အောက်ပါအတိုင်း အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရန်သင့် မသင့် ဆွေးနွေးအကြံပြုကြရန်ဖြစ်ကြောင်း။

"နိုင်ငံတော်သမ္မတသည်–

(က) ပြစ်ဒဏ်လွတ်ငြိမ်းခွင့် (Pardon) ပေးပိုင်ခွင့်ရှိသည်။

(ခ) အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ထောက်ခံချက်နှင့်အညီ လွတ်ငြိမ်းချမ်းသာခွင့်(Amnesty) ပေးပိုင်ခွင့်ရှိသည်။"

ဆက်လက်ပြီး "ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ပြဋ္ဌာန်းခြင်း၊ ချီးမြှင့်အပ်နှင်းခြင်း၊ ရုပ်သိမ်းခြင်း"ဆိုင်ရာ တာဝန်နှင့်လုပ်ပိုင်ခွင့်ကို နိုင်ငံတော်သမ္မတအား အပ်နှင်းရန် သင့်မသင့်နှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို ရှင်းလင်းတင်ပြလိုကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးနေ့၊ အမျိုးသားနေ့၊ တပ်မတော်နေ့စသည့် နေ့ထူးနေ့မြတ်များတွင် ချီးမြှင့်ထိုက်၊ ဂုဏ်ပြုထိုက်သော ပုဂ္ဂိုလ်များကို နိုင်ငံတော်အကြီးအကဲက ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဖြင့် ချီးမြှင့်အပ်နှင်းလေ့ရှိကြောင်း၊ ထိုသို့ ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို အမိန့်ထုတ်ပြန်၍ဖြစ်စေ၊ ဥပဒေပြဋ္ဌာန်း၍ဖြစ်စေ တီထွင်သတ်မှတ်ထားလေ့ရှိကြကြောင်း။

မြန်မာနိုင်ငံတွင်လည်း လွတ်လပ်ရေးကြိုးပမ်းမှုဆိုင်ရာ ဘွဲ့တံဆိပ်များ၊ စွမ်းရည်ဆိုင်ရာဘွဲ့တံဆိပ်များ၊ တိုက်ပွဲဆိုင်ရာဘွဲ့တံဆိပ်များ၊ စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေးဆိုင်ရာ ဘွဲ့တံဆိပ်များ၊ ဝန်ထမ်းဆိုင်ရာ ဘွဲ့တံဆိပ်များကို သတ်မှတ်ထားရှိပြီး လွတ်လပ်ရေးနေ့၊ တပ်မတော်နေ့ စသည်တို့တွင် နိုင်ငံတော်အကြီးအကဲက ဂုဏ်ပြုထိုက်သည့်ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို အမိန့်ပြန်တမ်းထုတ်ပြန်ပြီး ချီးမြှင့်အပ်နှင်းကြောင်း။

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရန် ဘွဲ့တံဆိပ်အမျိုးအစားများ၊ ပြည့်စုံရမည့်အရည်အချင်းများ စသည့်တို့ကို အခါအားလျော်စွာ သတ်မှတ်ပြဋ္ဌာန်းထားရှိရန် လိုအပ်ကြောင်း၊ ထိုကဲ့သို့ သတ်မှတ်ပြဋ္ဌာန်းထားသော ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းသည့် လုပ်ပိုင်ခွင့်ကို နိုင်ငံအတော်များများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် နိုင်ငံတော်အကြီးအကဲဖြစ်သည့် နိုင်ငံတော်သမ္မတအား အပ်နှင်းထားလေ့ရှိသော်လည်း ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်အမျိုးအစား တီထွင်သတ်မှတ်ပြဋ္ဌာန်းခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်ကိုတော့ နိုင်ငံတော်သမ္မတအား အပ်နှင်းခြင်းမရှိသည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း။

၁၉၄၇ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ သတ်မှတ်ခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ မပါရှိသော်လည်း ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ၇၃၊ ပုဒ်မခွဲ(ဃ)တွင်မှ နိုင်ငံတော်ကောင်စီ၏ လုပ်ငန်းတာဝန်များအဖြစ် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ပြဋ္ဌာန်းခြင်း၊ အပ်နှင်းခြင်း၊ ရုပ်သိမ်းခြင်းပြုနိုင်သည်ဟု သတ်မှတ်ပြဋ္ဌာန်းပါရှိကြောင်း၊ နိုင်ငံအများအပြား၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် နိုင်ငံတော်သမ္မတသည် ဘွဲ့ထူး၊ ဂုဏ်ထူးများ၊ တံဆိပ်များနှင့် အခြားဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်ရမည်ဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရသကဲ့သို့ နိုင်ငံအချို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် နိုင်ငံတော်သမ္မတသည် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဘွဲ့ထူး၊ ဂုဏ်ထူးများ ချီးမြှင့်ရမည်ဟု ပြဋ္ဌာန်းထားခြင်းကို တွေ့ရှိရကြောင်း။

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့် စပ်လျဉ်းပြီး နိုင်ငံတော်သမ္မတအား ဥပဒေနှင့်အညီ မိမိသဘောဆန္ဒအလျောက် ချီးမြှင့်အပ်နှင်းနိုင်ခွင့်နှင့် ရုပ်သိမ်းပိုင်ခွင့်များကို ပေးအပ်ထားသင့်ကြောင်း၊ သို့သော်လည်း ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ အမျိုးအစား တီထွင်ပြဋ္ဌာန်းခြင်း ပြည့်စုံရမည့် အရည်အချင်းသတ်မှတ်ခြင်းများနှင့် စပ်လျဉ်းပြီး ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဆုံးဖြတ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လိုအပ်သည့် ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်အား လုပ်ပိုင်ခွင့်အပ်နှင်းထားရန် ဥပဒေပြုရေးအပိုင်းတွင် အသေးစိတ်အခြေခံရမည့်မူ ချမှတ်ပြီးဖြစ်ကြောင်း၊ **ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း၊ ရုပ်သိမ်းခြင်းပြုပိုင်ခွင့်အာဏာ အပ်နှင်းထားခြင်းသည် ပိုပြီးလျော်ကန်သင့်မြတ်မည်**ဟု လုပ်ငန်းကော်မတီအနေဖြင့် သုံးသပ်ရရှိကြောင်း။

ထို့ကြောင့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ နိုင်ငံတော်သမ္မတ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်နှင့်စပ်လျဉ်းပြီး–

"နိုင်ငံတော်သမ္မတသည် ဥပဒေနှင့်အညီ

(က) ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းပြုနိုင်သည်။

(ခ) ချီးမြှင့်အပ်နှင်းထားသည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ပြန်လည်ရုပ်သိမ်းခြင်းပြုနိုင်သည်"

ဟု အသေးစိတ် အခြေခံရမည့်မူများချမှတ်ရန်သင့် မသင့် ဆွေးနွေးအကြံပြုကြရန်ဖြစ်ကြောင်း။

ဆက်လက်ပြီး နိုင်ငံခြားတိုင်းပြည်များနှင့် သံတမန်ဆက်သွယ်ခြင်း၊ သံတမန်အဆက်အသွယ်ဖြတ်တောက်ခြင်းဆိုင်ရာ တာဝန်နှင့်လုပ်ပိုင်ခွင့်ကို နိုင်ငံတော်သမ္မတအား အပ်နှင်းရန် သင့်မသင့်နှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို တင်ပြလိုကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ၁၉၄၈ခုနှစ်တွင် လွတ်လပ်ရေးရပြီးနောက် အချုပ်အခြာအာဏာပိုင်နိုင်ငံများ၊ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့်လည်းကောင်း၊ ကုလသမဂ္ဂနှင့် ယင်းလက်အောက်ခံ အဖွဲ့အစည်းများ၊ အခြားနိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်းကောင်း ဆက်သွယ်မှု၊ ဆက်ဆံမှုများ ပြုလုပ်ခဲ့ကြောင်း၊ ထိုသို့ဆက်သွယ်မှု၊ ဆက်ဆံမှုများ ပြုလုပ်ရာတွင် သံတမန်နည်းလမ်းအရ သံတမန်ဆက်သွယ်ခြင်း၊ တစ်ခါတစ်ရံ အကြောင်းအမျိုးမျိုးကြောင့် သံတမန်အဆက်အသွယ်ဖြတ်တောက်ခြင်း ပြုလုပ်ရကြောင်း။

နိုင်ငံအများအပြား၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် သံတမန်ဆက်သွယ်ခြင်း၊ သံတမန်အဆက်အသွယ်ဖြတ်တောက်ခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်ကို နိုင်ငံတော်သမ္မတအား အပ်နှင်းထားခြင်းမရှိဘဲ မိမိနိုင်ငံ၏ သံအမတ်ကြီးများ၊ သံအရာရှိကြီးများ၊ ကောင်စစ်ဝန်များ ခန့်အပ်ခြင်း၊ ပြန်လည်ခေါ်ယူခြင်းနှင့် အခြားတိုင်းပြည်များမှ သံတမန်များ ခန့်အပ်သည်ကို သဘောတူလက်ခံခြင်း၊ သံတမန်များ၏ ခန့်အပ်လွှာများကို လက်ခံခြင်းစသည့် တာဝန်များကိုသာ နိုင်ငံတော်သမ္မတ၏ လုပ်ပိုင်ခွင့်များအဖြစ် သတ်မှတ်ပြဋ္ဌာန်းဖော်ပြလေ့ရှိကြောင်းကို တွေ့ရှိရကြောင်း။

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် သံတမန်ဆက်သွယ်ခြင်း၊ ဖြတ်တောက်ခြင်းဆိုင်ရာ တာဝန်နှင့်လုပ်ပိုင်ခွင့်ကို နိုင်ငံတော်သမ္မတအား အပ်နှင်းကြောင်း သီးခြားပြဋ္ဌာန်းထားခြင်းမရှိခြင်းကို လေ့လာတွေ့ရှိရကြောင်း၊ အဆိုပါ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ တတိယဇယား ပြည်ထောင်စုမြန်မာနိုင်ငံဥပဒေပြုစာရင်း အပိုဒ် ၂ ပိုဒ်ခွဲ(၁)တွင်သာ "သံတမန်ဆိုင်ရာ၊ ကောင်စစ်ဝန်ဆိုင်ရာ၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကိုယ်စားလှယ် ခန့်ထားရေး"ဆိုပြီး ပါလီမန်၏ဥပဒေပြုခွင့်အာဏာအဖြစ် ဖော်ပြထားခြင်းကို လေ့လာတွေ့ရှိရကြောင်း။

၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၇၃ ပုဒ်မခွဲ (စ)တွင် နိုင်ငံတော်ကောင်စီ၏ လုပ်ငန်းတာဝန်ကဏ္ဍ၌ "နိုင်ငံခြားတိုင်းပြည်များနှင့် သံတမန်ဆက်သွယ်ခြင်း၊ ဖြတ်တောက်ခြင်း၊ သံတမန်များကို ခန့်အပ်ခြင်း၊ ပြန်လည်ခေါ်ယူခြင်းနှင့်ပတ်သက်၍ အဆုံးအဖြတ်ပေးခြင်း"ဟု ပြဋ္ဌာန်းထားခြင်းကို တွေ့ရှိရကြောင်း၊ ထိုလုပ်ငန်းတာဝန်နှင့် စပ်လျဉ်းပြီး နိုင်ငံတော်ကောင်စီ၏ ဆုံးဖြတ်ချက်အရသာ နိုင်ငံတော်သမ္မတအဖြစ် ဆောင်ရွက်သော နိုင်ငံတော်ကောင်စီဥက္ကဋ္ဌအား ဆောင်ရွက်ပိုင်ခွင့်ပေးထားကြောင်းကို လေ့လာတွေ့ရှိရကြောင်း။

နိုင်ငံခြားတိုင်းပြည်များနှင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်းကောင်း သံတမန်ဆက်သွယ်ခြင်း၊ သံတမန်အဆက်အသွယ်ဖြတ်တောက်ခြင်း လုပ်ငန်းတာဝန်သည် နိုင်ငံအချင်းချင်းအသိအမှတ်ပြုရေး၊ မပြုရေးဆိုသည့် အကြောင်းချင်းရာပေါ် အခြေပြုနေသည့်အပြင် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိရေး၊ မိတ်ဝတ်မပျက် ဆက်ဆံရေးအပေါ်တွင် အထူးအလေးထားဆောင်ရွက်ရသည့် သိမ်မွေ့နူးညံ့သော ကိစ္စရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် ဤလုပ်ငန်းတာဝန်ကို နိုင်ငံတော်သမ္မတ တစ်ဦးတည်း၏ သဘောဆန္ဒနှင့် ဆုံးဖြတ်ဆောင်ရွက်ခွင့်ပေးထားခြင်းမပြုသင့်ဘဲ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်နှင့်သာ ဆောင်ရွက်ခွင့်ပြုသင့်သည်ဟု သုံးသပ်ရရှိကြောင်း၊ ထိုသို့ဆောင်ရွက်စေမှသာ နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်တို့အကြား အပြန်အလှန်ထိန်းညှိဆောင်ရွက်ခြင်းဖြင့် ပြည်ထောင်စုအကျိုး ပိုမိုဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ သို့သော်လည်း **နိုင်ငံတော်သမ္မတအနေဖြင့် ချက်ချင်းအရေးယူဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စရပ်များတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းကာ အရေးယူဆောင်ရွက်ပြီး မိမိ၏ အရေးယူဆောင်ရွက်ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူစေသင့်ကြောင်း။**

ထို့ကြောင့် သံတမန်ဆက်သွယ်ခြင်း၊ သံတမန်အဆက်အသွယ်ဖြတ်တောက်ခြင်းဆိုင်ရာ နိုင်ငံတော်သမ္မတ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်နှင့် စပ်လျဉ်းပြီး–

– "နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နိုင်ငံခြားတိုင်းပြည်များနှင့် သံတမန်ဆက်သွယ်ခြင်း၊ သံတမန်အဆက်အသွယ် ဖြတ်တောက်ခြင်းပြုနိုင်သည်။ သို့ရာတွင် ချက်ချင်းအရေးယူဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေမျိုး၌ နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းလျက် နိုင်ငံခြားတိုင်းပြည်တစ်ခုခုနှင့် သံတမန်အဆက်အသွယ်ဖြတ်တောက်နိုင်သည်။ နိုင်ငံတော်သမ္မတသည် မိမိ၏အရေးယူဆောင်ရွက်ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရမည်"

ဟု အသေးစိတ်အခြေခံရမည့်မူချမှတ်ရန် သင့်မသင့် ဆွေးနွေးအကြံပြုကြရန်ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။ (သတင်းစဉ်)

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ဘိုင်းဒါးဒေသ၏ ၂၀၀၄–၂၀၀၅ခုနှစ် ဟင်းသီးဟင်းရွက် အထူးဇုန် သီးနှံထုတ်လုပ်မှုထူးချွန်ဆုနှင့် သီးနှံပြိုင်ပွဲ ဆုချီးမြှင့်ပွဲတွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုရရှိသူအား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

ဟင်းသီးဟင်းရွက်အထူးဇုန်(ဘိုင်းဒါး) သီးနှံထုတ်လုပ်မှု ထူးချွန်ဆုချီးမြှင့်

ရန်ကုန် မတ် ၇

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ဘိုင်းဒါးဒေသ၏ ၂၀၀၄–၂၀၀၅ခုနှစ် ဟင်းသီးဟင်းရွက် အထူးဇုန် သီးနှံထုတ်လုပ်မှုထူးချွန်ဆုနှင့် သီးနှံပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ်၂ရက် နံနက်၉နာရီတွင် အဆိုပါ ဘိုင်းဒါးစံပြကျေးရွာ၌ ကျင်းပရာ အခမ်းအနားသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလွင်နှင့် ကောင်စီဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးဝင်းမောင်က ဘိုင်းဒါး ဟင်းသီးဟင်းရွက်ဇုန်၏ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးနှင့်ဧည့်သည်တော်များသည် ဟင်းသီးဟင်းရွက် အထူးဇုန် (ဘိုင်းဒါး)တွင် ခင်းကျင်းပြသထားသည့် ဟင်းသီးဟင်းရွက် ပြကွက်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆုချီးမြှင့်

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုများနှင့် ဟင်းသီးဟင်းရွက်ပြိုင်ပွဲဝင် အကောင်းဆုံးဆု ရရှိကြသူများအား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ထွက်ရှိ

အဆိုပါ ဘိုင်းဒါး ဟင်းသီးဟင်းရွက် အထူးဇုန်တွင် ဟင်းသီးဟင်းရွက် ဧက ၈၂၀၀ကျော် စိုက်ပျိုးထားရှိပြီး သီးနှံတန်ချိန် ၁၅၀၀၀ ကျော် ထွက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘုရားဖူးဓမ္မသဘင်

ရန်ကုန် မတ် ၇

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်အတွင်း၌ မတ်၁၀ရက်နှင့် ၁၁ရက်တို့တွင် ဦးနာရဒ(အနောက်ခင်မကန်၊ မန္တလေး)၊ မတ်၁၂ရက်နှင့်၁၃ရက်တို့တွင် ဓမ္မစေတီဦးကောသလ္လ(M.A Buddhism) တို့က ညစဉ်တရားတော်များ ဟောကြားမည်ဟုသိရသည်။ **(က–ပ)**

နိုင်ငံတော်သမ္မတသည် လိုအပ်လျှင်ပြည်ထောင်စုလွှတ်တော်အရေးပေါ်အစည်းအဝေးကိုဖြစ်စေ၊ အထူးအစည်းအဝေးကိုဖြစ်စေ ခေါ်ယူကျင်းပပေးရန်ပြည်ထောင်စုလွှတ်တော်နာယကအား အကြောင်းကြားနိုင်သည်ဟု အသေးစိတ်အခြေခံရမည့်မူချမှတ်ရန်သင့်မသင့်အကြံပြု

● **ကျော်ဖုံးမှ**

"သံတမန်ဆိုင်ရာ၊ ကောင်စစ်ဝန်ဆိုင်ရာ၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကိုယ်စားလှယ်ခန့်ထားရေး"ဆိုပြီး ပါလီမန်၏ ဥပဒေပြုခွင့်အာဏာအဖြစ် ဖော်ပြထားသည်ကို တွေ့ရှိရကြောင်း၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် "သံတမန်များကိုခန့်အပ်ခြင်း၊ ပြန်လည်ခေါ်ယူခြင်းနှင့် ပတ်သက်၍ အဆုံးအဖြတ်ပေးခြင်း"ဟုလည်းကောင်း၊ "နိုင်ငံခြားသံတမန်များ၏ ခန့်အပ်လွှာများကို လက်ခံခြင်း၊ နိုင်ငံခြားသံတမန်များအား ပြန်လည်ခေါ်ယူရန် အကြောင်းကြားခြင်းနှင့် ပတ်သက်၍ အဆုံးအဖြတ်ပေးခြင်း"ဟုလည်းကောင်း နိုင်ငံတော်ကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များအဖြစ် သတ်မှတ်ဖော်ပြထားသည်ကို တွေ့ရှိရကြောင်း။

သံတမန်များခန့်အပ်ခြင်း၊ လက်ခံခြင်းဆိုင်ရာ နိုင်ငံတော်သမ္မတ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ကို နှစ်ပိုင်းခွဲခြားစဉ်းစားသင့်ကြောင်း၊ ပထမပိုင်းတွင် နိုင်ငံတော်ကို ကိုယ်စားပြုမည့် မိမိနိုင်ငံ၏ သံတမန်များကို ခန့်အပ်ခြင်းနှင့် ပြန်လည်ခေါ်ယူခြင်းဖြစ်ကြောင်း၊ **နိုင်ငံတော်သမ္မတသည် ဥပဒေနှင့်အညီ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးစသည့် ပုဂ္ဂိုလ်များရွေးချယ်ခန့်အပ်ခြင်း တာဝန်နှင့်လုပ်ပိုင်ခွင့်ကို နိုင်ငံတော်သမ္မတအား မိမိ၏ သဘောဆန္ဒအလျောက် ရွေးချယ်ခန့်အပ်ခွင့် ပေးသင့်ကြောင်း။**

နိုင်ငံအတော်များများတွင်လည်း ထိုတာဝန်နှင့်လုပ်ပိုင်ခွင့်ကို နိုင်ငံတော်သမ္မတကိုသာ ပေးအပ်ထားသည်ကို လေ့လာတွေ့ရှိရကြောင်း၊ နိုင်ငံအချို့တွင် သံတမန်များခန့်ထားရာ၌ နိုင်ငံတော်သမ္မတက မိမိခန့်ထားလိုသည့် ပုဂ္ဂိုလ်၏ အမည်စာရင်းကို လွှတ်တော်၌ ဖွဲ့စည်းထားသောကော်မတီနှင့်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သို့မဟုတ် ဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းထားသည့် ရာထူးခန့်ထားရေး ကော်မရှင်ကဲ့သို့ အဖွဲ့အစည်း တစ်ရပ်ရပ်နှင့်လည်းကောင်း ညှိနှိုင်းပြီးမှသာ သံတမန်များ ခန့်ထားခွင့်ရှိကြောင်းကိုလည်း လေ့လာတွေ့ရှိရကြောင်း။

သို့သော်လည်း ချမှတ်ခဲ့ပြီးဖြစ်သည့် အသေးစိတ်အခြေခံရမည့်မူများအရ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏ အကြီးအကဲဖြစ်၍ မိမိ၏ဆင်ခြင်တုံတရားနှင့် နိုင်ငံတော်ကို ကိုယ်စားပြုမည့် သင့်လျော်မည့်ပုဂ္ဂိုလ်ကို ရွေးချယ်ခန့်အပ်ခွင့်ရှိသင့်တယ်ဟု လုပ်ငန်းကော်မတီအနေဖြင့် သုံးသပ်မိကြောင်း၊ **သံတမန်များ ခန့်အပ်သည့်နည်းတူ တာဝန်ထမ်းဆောင်မှုကို ကျေနပ်မှုမရှိသည့်အတွက် သံတမန်များပြန်လည်ခေါ်ယူခွင့်ကိုပါ နိုင်ငံတော်သမ္မတအား တစ်ပါတည်း အပ်နှင်းထားသင့်ကြောင်း။**

ဒုတိယပိုင်းတွင် နိုင်ငံခြားသံတမန်များ ခန့်အပ်ရန်သဘောတူခြင်း၊ နိုင်ငံခြားသံတမန်များ၏ ခန့်အပ်လွှာများကိုလက်ခံခြင်း၊ နိုင်ငံခြားသံတမန်များအား ပြန်လည်ခေါ်ယူရန် အကြောင်းကြားခြင်းဆိုင်ရာ တာဝန်နှင့် လုပ်ပိုင်ခွင့် အပ်နှင်းရေးကိစ္စဖြစ်ကြောင်း၊ နိုင်ငံခြားတိုင်းပြည်များမှ မိမိနိုင်ငံတွင် လာရောက်တာဝန်ထမ်းဆောင်ရန်အတွက် အဆိုပြုတင်ပြသည့် သံတမန်များအား လက်ခံသင့်မသင့်ကို နိုင်ငံတော်သမ္မတက ရှေးဦးစွာ စဉ်းစားဆုံးဖြတ်သင့်ကြောင်း၊ လက်ခံသင့်တယ်ဟုယူဆပြီး သဘောတူလက်ခံကြောင်း အကြောင်းပြန်ကြားပြီးမှသာ သက်ဆိုင်ရာနိုင်ငံက သံတမန်ကို ခန့်အပ်စေလွှတ်ခွင့်ရှိသင့်ကြောင်း၊ ထိုသို့ခန့်အပ်ခြင်းခံရသည့် သံတမန်၏ ခန့်အပ်လွှာကို နိုင်ငံတော်သမ္မတက နိုင်ငံတော်အကြီးအကဲအနေဖြင့် လက်ခံသင့်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်သမ္မတအနေဖြင့် နိုင်ငံခြားတိုင်းပြည်မှ ခန့်အပ်မည့် သံတမန်အား သဘောတူညီချက်ပေးခြင်းနှင့် ဤကဲ့သို့ သဘောတူလက်ခံပြီးသည့် သံတမန်၏ ခန့်အပ်လွှာကို လက်ခံခြင်းဆိုသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များ ရှိလာမည်ဖြစ်ကြောင်း။

နိုင်ငံခြားတိုင်းပြည်မှ သံတမန်သည် သံတမန်တို့လိုက်နာအပ်သည့် ကျင့်ဝတ်သိက္ခာကို မစောင့်စည်းဘဲ ပြုမူလုပ်ဆောင်လာပါက သံတမန်ကျင့်စဉ်များအရ ထိုသံတမန်အား သက်ဆိုင်ရာနိုင်ငံက ပြန်လည်ခေါ်ယူရန် အကြောင်းကြားရသည့် အခြေအနေမျိုးလည်း ပေါ်ပေါက်တတ်ကြောင်း၊ ထိုကဲ့သို့ အခြေအနေမျိုး ပေါ်ပေါက်လာလျှင် နိုင်ငံတော်သမ္မတသည် ယင်းသံတမန်ကို ပြန်ခေါ်ရန် သက်ဆိုင်ရာနိုင်ငံသို့ အကြောင်းကြားပိုင်ခွင့် ရှိသင့်ကြောင်း။

ထို့ကြောင့် မိမိနိုင်ငံ၏ သံတမန်များ ခန့်အပ်ခြင်း၊ ပြန်လည်ခေါ်ယူခြင်း၊ နိုင်ငံခြားသံတမန်များအား ခန့်အပ်ရန် သဘောတူလက်ခံခြင်း၊ နိုင်ငံခြားသံတမန်များ၏ ခန့်အပ်လွှာကို လက်ခံခြင်း၊ ပြန်လည်ခေါ်ယူရန် အကြောင်းကြားခြင်းဆိုင်ရာ နိုင်ငံတော်သမ္မတ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်နှင့် စပ်လျဉ်းပြီး–

"နိုင်ငံတော်သမ္မတသည် ဥပဒေနှင့်အညီ–

(က) မိမိနိုင်ငံ၏သံတမန်များကို ခန့်အပ်ခြင်း၊ ပြန်လည်ခေါ်ယူခြင်း ပြုနိုင်သည်၊

(ခ) နိုင်ငံခြားသံတမန်များအား ခန့်အပ်ရန်သဘောတူညီချက်ပေးခြင်း၊ နိုင်ငံခြားသံတမန်များအား ပြန်လည်ခေါ်ယူရန် အကြောင်းကြားခြင်း ပြုနိုင်သည်၊

(ဂ) နိုင်ငံခြားသံတမန်များ၏ခန့်အပ်လွှာများကို လက်ခံခြင်းပြုသည်"

ဟု အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရန် သင့်မသင့် ဆွေးနွေးအကြံပြုကြရန်ဖြစ်ကြောင်း။

နိုင်ငံတော်သမ္မတ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်အဖြစ် သတ်မှတ်ရန် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများကိုခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်းနှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ၏ စိစစ်လေ့လာချက်များကို ဆက်လက်တင်ပြလိုကြောင်း။

ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများ ခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်းတို့နှင့် စပ်လျဉ်းပြီး နိုင်ငံအတော်များများတွင် နိုင်ငံတော်သမ္မတက ခန့်နိုင်၊ ထုတ်ပယ်နိုင်ကြောင်း ပြဋ္ဌာန်းထားလေ့ရှိကြကြောင်း၊ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများပါပြဋ္ဌာန်းချက်များကို လေ့လာကြည့်မည်ဆိုလျှင် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် နိုင်ငံတော်သမ္မတအား ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများ ခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များ မပါရှိသော်လည်း ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၃ပုဒ်ခွဲ(၄) တွင် နိုင်ငံတော် ကောင်စီ၏ လုပ်ငန်းတာဝန်အဖြစ်"ဝန်ထမ်းအဖွဲ့အစည်းများရဲ့ အကြီးအကဲများကို ခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်း"ဟု သတ်မှတ်ထားခြင်းကို တွေ့ရှိရကြောင်း။

နောင်တွင် ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏ အုပ်ချုပ်ရေးအကြီးအကဲဖြစ်သည့် အားလျော်စွာ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများကို ခန့်ထားခြင်း၊ ထုတ်ပယ်ခြင်းပြုနိုင်သည့် လုပ်ပိုင်ခွင့် အပ်နှင်းထားသင့်ကြောင်း၊ ယင်းလုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ ဖြစ်သင့်ကြောင်း။

ထို့ကြောင့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများကို ခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်းဆိုင်ရာ နိုင်ငံတော်သမ္မတ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်နှင့် စပ်လျဉ်းပြီး–

"နိုင်ငံတော် သမ္မတသည် ဥပဒေနှင့်အညီ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများကို ခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်းပြုနိုင်သည်"ဟု အသေးစိတ် အခြေခံရမည့် မူချမှတ်ရန် သင့်မသင့် ဆွေးနွေးအကြံပြုကြရန်ဖြစ်ကြောင်း။

နိုင်ငံတော်သမ္မတအား နိုင်ငံတကာနှင့် စာချုပ်များချုပ်ဆိုခြင်း၊ အတည်ပြုဆောင်ရွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ စာချုပ်မှ နုတ်ထွက်ခြင်းဆိုင်ရာ တာဝန်နှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းရန်သင့်မသင့်နှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို ဆက်လက်ရှင်းလင်းတင်ပြလိုကြောင်း။

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးသည် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အကြောင်းပြု၍လည်းကောင်း၊ စစ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အကြောင်းပြု၍လည်းကောင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး၊ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးအပေါ် အကြောင်းပြု၍လည်းကောင်း၊ ယဉ်ကျေးမှု၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အကြောင်းပြု၍လည်းကောင်း၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် အကြောင်းပြု၍လည်းကောင်း၊ လက်နက်ဖျက်သိမ်းရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အကြောင်းပြု၍လည်းကောင်း နှစ်နိုင်ငံဖြစ်စေ၊ နှစ်နိုင်ငံထက်ပိုသည့် နိုင်ငံအများစုပေါင်း၍ဖြစ်စေ၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် စုပေါင်း၍ဖြစ်စေ အချင်းချင်း အပြန်အလှန် သဘောတူစာချုပ်များ ချုပ်ဆိုလေ့ရှိကြကြောင်း။

စစ်ရေးအရ ပူးပေါင်းဆောင်ရွက်ရန် ချုပ်ဆိုကြသည့် စာချုပ်များရှိသကဲ့သို့ မိမိတို့ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုရှိရေးအတွက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရန်လည်း သဘောတူစာချုပ်များကို ချုပ်ဆိုကြကြောင်း၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ စီးပွားရေးအရလည်းကောင်း၊ လူမှုရေးအရလည်းကောင်း၊ ကျန်းမာရေးအရလည်းကောင်း အပြန်အလှန်အကူအညီပေးရေးအတွက် စာချုပ်များချုပ်ဆိုဆောင်ရွက်ကြသကဲ့သို့ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းဝယ်ခြင်းကို တားဆီးပိတ်ပင်ရေး၊ ကာကွယ်နှိမ်နင်းရေးတို့အတွက်လည်း သဘောတူညီချက်များ လက်မှတ်ရေးထိုးကာ ဆောင်ရွက်လေ့ရှိကြကြောင်း၊ တစ်နိုင်ငံ နှင့် တစ်နိုင်ငံ လွတ်လပ်စွာ ကုန်စည်ကူးသန်းရောင်းဝယ်ကြရန် စာချုပ်များ ချုပ်ဆိုကြသကဲ့သို့ တစ်နိုင်ငံနှင့်တစ်နိုင်ငံ တရားမဝင် ခိုးဝင်မှုများ မရှိစေရေးအတွက်လည်း စာချုပ်များ ချုပ်ဆိုကြကြောင်း။

စာချုပ်များချုပ်ဆိုရာတွင် နှစ်နိုင်ငံထဲဖြစ်စေ၊ အခြားနိုင်ငံများနှင့် ပူးပေါင်း၍ဖြစ်စေ၊ ဒေသတွင်း နိုင်ငံအချင်းချင်းဖြစ်စေ၊ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအများဖြစ်စေပါဝင်ချုပ်ဆိုကြသည်များလည်းရှိကြောင်း၊ အထူးသဖြင့် ကုလသမဂ္ဂက ကြီးမှူးပြုလုပ်သော ကွန်ဗင်းရှင်း (Convention) များသည် နိုင်ငံတကာ အသိုင်းအဝိုင်းမှ အရေးတယူအလေးထားချုပ်ဆိုကြသည့် စာချုပ်များဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီး၏ ကောင်းကျိုးကိုရှေးရှုသည့် စာချုပ်များရှိသကဲ့သို့ မိမိတို့နိုင်ငံကောင်းကျိုး၊ မိမိတို့ဒေသအတွင်းရှိ နိုင်ငံများကောင်းကျိုးကို ရှေးရှုကာ ချုပ်ဆိုကြသည့် စာချုပ်များလည်းရှိကြကြောင်း၊ နိုင်ငံတကာနှင့် ချုပ်ဆိုသည့်စာချုပ်များသည် စာချုပ်တွင်လက်မှတ် ရေးထိုးသော ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်နှင့်သာ သက်ဆိုင်သည့် သဘောမျိုးမသက်ရောက်ဘဲ နိုင်ငံနှင့် သက်ဆိုင် အကျုံးဝင်နေခြင်းဖြစ်၍ ထိုကဲ့သို့သဘောတူစာချုပ်မျိုး ချုပ်ဆိုရန် အတွက် ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်တည်း၏ ဆုံးဖြတ်ချက်နှင့် လွတ်လပ်စွာ လုပ်ပိုင်ခွင့်ပေးထားရန် မသင့်ကြောင်းကို သုံးသပ်ရရှိကြောင်း၊ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော် ၏ အကျိုးကိုရှေးရှုလျက် စုပေါင်းဆွေးနွေးစဉ်းစားပြီးမှ ဆုံးဖြတ်အတည်ပြုခြင်းသာလျှင် မှန်ကန်ပြီး ထိရောက်သည့် အကျိုးသက်ရောက်မှုကို ရရှိစေနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတကာနှင့် စာချုပ်များချုပ်ဆိုခြင်း၊ အတည်ပြုဆောင်ရွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ စာချုပ်မှ နုတ်ထွက်ခြင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းပြီး နိုင်ငံအတော်များများတွင် သက်ဆိုင်ရာ ဥပဒေပြုအဖွဲ့၏ သဘောတူအတည်ပြုချက်နှင့်သာ နိုင်ငံတော်သမ္မတက ဆောင်ရွက်ခွင့်ရှိကြောင်း သတ်မှတ်ပြဋ္ဌာန်းထားကြကြောင်း၊ နိုင်ငံအနည်းငယ်မျှလောက်သာ နိုင်ငံတော်သမ္မတအား မိမိသဘောဆန္ဒအလျောက် ဆောင်ရွက်ခွင့်ပေးထားကြောင်း တွေ့ရှိရကြောင်း။

၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ တတိယဇယား၊ ပြည်ထောင်စုနိုင်ငံ ဥပဒေပြုစာရင်း အပိုဒ် ၂ အပိုဒ်ခွဲ(၅)တွင် "အခြားနိုင်ငံများနှင့် စာချုပ်များ၊ သဘောတူညီချက်များကို ချုပ်ဆိုရေးနှင့် အထမြောက်စေရေး"ဟုသာ ပြည်ထောင်စု ပါလီမန်က ဥပဒေပြုနိုင်ခွင့်ရှိသည့် ကိစ္စရပ်များတွင် ထည့်သွင်းဖော်ပြထားခြင်းကိုတွေ့ရပြီး နိုင်ငံတော်သမ္မတ၏ သီးခြားလုပ်ငန်း တာဝန်အနေဖြင့် ထည့်သွင်းပြဋ္ဌာန်းထားခြင်းမရှိကြောင်း လေ့လာတွေ့ရှိရကြောင်း၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၃ ပုဒ်မခွဲ(ဇ)တွင် "ပြည်သူ့လွှတ်တော်အတည်ပြုချက်ဖြင့် နိုင်ငံတကာနှင့်စာချုပ်များချုပ်ဆိုခြင်း၊ အတည်ပြု ဆောင်ရွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ စာချုပ်မှနုတ်ထွက်ခြင်းတို့နှင့် ပတ်သက်၍ အဆုံးအဖြတ်ပေးခြင်း" ဟုလည်းကောင်း၊ ပုဒ်မ ၇၃ ပုဒ်မခွဲ(ဈ)တွင် "နိုင်ငံအချင်းချင်း သဘောတူညီချက်များနှင့် ပတ်သက်၍ အဆုံးအဖြတ်ပေးခြင်း"ဟုလည်းကောင်း နိုင်ငံတော်ကောင်စီ၏ လုပ်ပိုင်ခွင့်များအဖြစ် သတ်မှတ်ပြဋ္ဌာန်းထားခြင်းကို တွေ့ရှိရကြောင်း၊ ထိုလုပ်ပိုင်ခွင့်ကို နိုင်ငံတော်ကောင်စီကသာကျင့်သုံးပြီး နိုင်ငံတော် သမ္မတအား မိမိသဘောဆန္ဒအလျောက် ဆောင်ရွက်ပိုင်ခွင့်ပေးထားခြင်း မရှိသည်ကို တွေ့ရှိရကြောင်း။

၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များအကျိုး သက်ရောက်လာပြီးနောက် နိုင်ငံတော်ကောင်စီက လေ့လာစိစစ်ရေးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပြီး ပြည်သူ့လွှတ်တော်ကအတည်ပြုရန် လိုအပ်သည့်စာချုပ်အမျိုးအစားများ၊ နိုင်ငံတော်ကောင်စီကအတည်ပြုနိုင်သည့် သဘောတူညီချက်အမျိုးအစားများ ဆိုပြီး ခွဲခြားလျက် စိစစ်လေ့လာတင်ပြရန် တာဝန်ပေးအပ်ခဲ့ကြောင်း။

လေ့လာစိစစ်ရေးအဖွဲ့သည် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံအချို့၏အခြေခံဥပဒေများ၊ ကုလသမဂ္ဂအဖွဲ့ချုပ်မှ အပြည်ပြည်ဆိုင်ရာ စာချုပ်များနှင့် သက်ဆိုင်သည့် ဗီယင်နာကွန်ဗင်းရှင်း၊ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် နိုင်ငံတကာနှင့်လည်းကောင်း၊ နိုင်ငံအချင်းချင်းလည်းကောင်း ချုပ်ဆိုခဲ့သည့် သဘောတူညီချက်အများအပြားကိုလေ့လာသုံးသပ်လျက် ဆွေးနွေးညှိနှိုင်းပြီး ထောက်ခံချက်များနှင့်အတူ အစီရင်ခံစာကို နိုင်ငံတော်ကောင်စီသို့ ပြန်လည်တင်ပြခဲ့ကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့

နိုင်ငံတော်သမ္မတနှင့်လွှတ်တော်နှစ်ရပ်တို့ ပူးပေါင်းဆောင်ရွက်မှုပိုမိုရှင်းသန်

❑ နိုင်ငံတော်သမ္မတသည် မိမိနိုင်ငံ၏ မူဝါဒများ၊ လုပ်ငန်းအစီအစဉ်များ၊ မိမိ နိုင်ငံ၏ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများကို အခါအားလျော်စွာ ပြည်သူများအား အသိပေးရန် လိုအပ်ပါကြောင်း၊ သို့မှသာလျှင် ပြည်သူများအနေဖြင့် မိမိနိုင်ငံ၏ အရေးအရာများကို သိရှိနားလည်ကြပြီး ပြည်သူများအပိုင်းက လိုက်နာဆောင်ရွက်သင့်သည်များကို လိုက်နာဆောင်ရွက်သွားနိုင်ကြမှာဖြစ်ကြောင်း၊ ထိန်းသိမ်းကာကွယ် စောင့်ရှောက်သင့်သည်များကိုလည်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားနိုင်ကြမှာဖြစ်ကြောင်း၊ နိုင်ငံတော် သမ္မတနှင့် ပြည်သူတို့ထိတွေ့မှု မပြတ်လပ်စေသည့်အပြင် ပြည်သူ့အရေးကိစ္စများကို အရေးတယူဆောင်ရွက်ပေးရာလည်း ရောက်စေနိုင်မှာဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော် သမ္မတနှင့်လွှတ်တော်နှစ်ရပ်တို့ရင်းနှီးစွာပူးပေါင်း ဆောင်ရွက်မှုကိုလည်း ပိုမိုရှင်သန်နိုင်စေမှာ ဖြစ်ပါကြောင်း။

8-3 (06).p65 1 3/24/05, 11:13 AM

ဥပဒေကဲ့သို့အာဏာတည်သော အမိန့်ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ရုပ်သိမ်းပြီးဖြစ်စေကာမူထိုဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို အနီးကပ်ဆုံးကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြရမည်ဟုအခြေခံရမည့်မူများချမှတ်ရန်အကြံပြု

စာမျက်နှာ ၆ မှ

ယင်းကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်ကောင်စီကပြည်သူ့လွှတ်တော်သို့ အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရန်တင်ပြခဲ့ရာ ပြည်သူ့လွှတ်တော်က အောက်ပါအတိုင်း အနက်အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြောင်း–

(က) ပုဒ်မ ၇၃၊ ပုဒ်မခွဲ(ဇ)အရ လွှတ်တော်၏အတည်ပြုချက်ဖြင့် အတည်ပြုဆောင်ရွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ စာချုပ်မှနုတ်ထွက်ခြင်းတို့နှင့် ပတ်သက်၍ အဆုံးအဖြတ်ပေးရမည့် နိုင်ငံတကာနှင့်ချုပ်ဆိုသည့် စာချုပ်များတွင် အောက်ပါတို့ ပါဝင်ပါသည်–

- (၁) နယ်နိမိတ်ပြင်ဆင်သတ်မှတ်ခြင်းနှင့်စပ်လျဉ်းသည့် စာချုပ်၊
- (၂) စစ်ပြေငြိမ်းရေးစာချုပ်၊
- (၃) နိုင်ငံအတွင်း ဥပဒေပြဋ္ဌာန်းပေးရန်လိုအပ်သည့်စာချုပ်၊
- (၄) နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးနှင့်ပတ်သက်သည့် သဘောတူညီချက်၊
- (၅) စစ်လျော်ကြေးစာချုပ်၊
- (၆) လွှတ်တော်မှရန်ပုံငွေ ခွင့်ပြုသတ်မှတ်ထားသော ကိစ္စရပ်များမှတစ်ပါး နိုင်ငံတော်၏ဘဏ္ဍာငွေ ထည့်ဝင်ရန် သို့မဟုတ် ကျခံရန် တာဝန်ယူသောစာချုပ်၊
- (၇) အပြည်ပြည်ဆိုင်ရာ ဥပဒေတစ်ရပ် ပြဋ္ဌာန်းသည့်စာချုပ်။

(ခ) ပုဒ်မ ၇၃၊ ပုဒ်မခွဲ(ဈ)အရ နိုင်ငံတော်ကောင်စီက အဆုံးအဖြတ်ပေးရမည့် နိုင်ငံအချင်းချင်း သဘောတူညီချက်များတွင် အောက်ပါတို့ ပါဝင်သည်–

- (၁) ချစ်ကြည်ရေးစာချုပ်၊
- (၂) ဘက်မလိုက်ရေးစာချုပ်၊
- (၃) မကျူးကျော်ရေးစာချုပ်၊
- (၄) လေထု၊ ရေထု ညစ်ညမ်းမှုကာကွယ်ရေးစာချုပ်၊
- (၅) အခွန်အကောက်များနှင့်ပတ်သက်သည့်စာချုပ်၊
- (၆) ပိုးမွှားစစ် တားဆီးရေးစာချုပ်၊
- (၇) အဆိပ်ငွေ့ကို စစ်ဆင်ရေးတွင် အသုံးမပြုရေးစာချုပ်၊
- (၈) နျူးကလီးယား စမ်းသပ်မှု ပိတ်ပင်ရေးစာချုပ်၊
- (၉) နိုင်ငံတော်အတွင်း ခိုလှုံခွင့်ပေးရေး အပြည်ပြည်ဆိုင်ရာစာချုပ်၊
- (၁၀) လေယာဉ်အပိုင်စီးမှု၊ အနုကြမ်းစီးမှု ကျူးလွန်ခြင်းများ ပိတ်ပင်တားဆီးရေးစာချုပ်၊
- (၁၁) စစ်ဘေးဒုက္ခသည်များ ကာကွယ်ရေးစာချုပ်၊
- (၁၂) ယဉ်ကျေးမှုဖလှယ်ရေးစာချုပ်၊
- (၁၃) သဘာဝစွမ်းအင်များ၊ သယံဇာတ ပစ္စည်းများထုတ်ဖော်မှုနှင့် ပတ်သက်သည့်စာချုပ်၊
- (၁၄) စီးပွားရေးကျွမ်းကျင်မှု အတတ်ပညာဆိုင်ရာ အကူအညီပေးရေး ပူးပေါင်းဆောင်ရွက်ရေးစာချုပ်၊
- (၁၅) လွှတ်တော်၏ အတည်ပြုချက်သော်လည်းကောင်း၊ နိုင်ငံတော်ကောင်စီ၏ အတည်ပြုချက်သော်လည်းကောင်း ရပြီးသည့် ပင်မစာချုပ်မှ ပေါက်ဖွားလာသည့်စာချုပ်၊
- (၁၆) ကုန်သွယ်ရေးစာချုပ်၊
- (၁၇) လွှတ်တော်မှ ခွင့်ပြုသတ်မှတ်ထားချက်များအတွင်း ငွေချေးယူသည့် စာချုပ်၊
- (၁၈) ရေကြောင်း၊ လေကြောင်း သွားလာမှုနှင့် စပ်လျဉ်းသည့်စာချုပ်၊
- (၁၉) စာပို့၊ ကြေးနန်း၊ တယ်လီဖုန်းဆက်သွယ်ရေးစာချုပ်။

အထက်ဖော်ပြပါအတိုင်း စာချုပ်အမျိုးအစားများကို ခွဲခြားဖော်ပြလျက် ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အသေးစိတ်အခြေခံရမည့် မူများချမှတ်မည်ဆိုလျှင် ကဏ္ဍအများအပြားတွင် မမျှော်မှန်းနိုင်သည့် ကိစ္စရပ်များပေါ်ပေါက်လာနိုင်သည့်အတွက် ပြည်ထောင်စုလွှတ်တော်၏သဘောတူညီချက်နှင့် မည်ကဲ့သို့သောစာချုပ်များကိုချုပ်ဆိုနိုင်တယ်၊ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူရန်မလိုဘဲနိုင်ငံတော်သမ္မတက မည်ကဲ့သို့သောစာချုပ်များကို ချုပ်ဆိုနိုင်တယ် ဆိုသည်ကို ဖော်ပြရန်မသင့်ကြောင်း လုပ်ငန်းကော်မတီကသုံးသပ်ရရှိကြောင်း၊ ယေဘုယျအားဖြင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရန် လိုအပ်သည့် စာချုပ်များဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုလွှတ်တော်ကသာ လုပ်ပိုင်ခွင့်ရှိသည့် ကိစ္စရပ်များနှင့်ပတ်သက်ပြီး ချုပ်ဆိုသည့်စာချုပ်များ၊ နိုင်ငံအတွက်အရေးပါသည့် တာဝန်များဖြစ်ပေါ်စေမည့် စာချုပ်များဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတက ချုပ်ဆိုအတည်ပြုနိုင်သော သဘောတူညီချက်စာချုပ်များဆိုသည်မှာ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရန်လိုအပ်သည့်စာချုပ်များ၊ သဘောတူညီချက်များမှအပ ကျန်နိုင်ငံတကာစာချုပ်များ၊ နိုင်ငံအချင်းချင်းချုပ်ဆိုသည့်စာချုပ်များ ပါဝင်သည်ဟု သတ်မှတ်ထားသင့်ကြောင်း လုပ်ငန်းကော်မတီအနေဖြင့် သုံးသပ်ရရှိကြောင်း။

နိုင်ငံအချို့တွင် နိုင်ငံတော်သမ္မတသည် လွှတ်တော်၏ အကြံပြုချက်၊ သဘောတူညီချက်နှင့်သာ စာချုပ်များချုပ်ဆိုနိုင်ခွင့်ရှိကြောင်း လေ့လာတွေ့ရှိရကြောင်း၊ နိုင်ငံအချို့တွင်မူ နိုင်ငံတော်သမ္မတသည် ၎င်း၏သဘောဆန္ဒနှင့် စာချုပ်များချုပ်ဆိုအတည်ပြုနိုင်သည်ကိုလည်း လေ့လာတွေ့ရှိရကြောင်း။

ယခုတင်ပြသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်တွင် နိုင်ငံအတွက် လွန်စွာအရေးပါပြီး ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် ရည်ရွယ်ဆောင်ရွက်ရသည့် ကိစ္စရပ်မျိုးမဟုတ်ဘဲ နိုင်ငံတကာနှင့် ယှဉ်တွဲဆောင်ရွက်ရသည့် ကိစ္စရပ်မျိုးဖြစ်၍ နိုင်ငံတော်သမ္မတတစ်ဦးတည်း၏ သဘောဆန္ဒနှင့် ဆောင်ရွက်ခွင့်ပြုရန် မသင့်ကြောင်း သုံးသပ်ရရှိကြောင်း၊ နိုင်ငံတော်သမ္မတ၏ ဆုံးဖြတ်မှုလွဲချော်သွားခဲ့လျှင် နိုင်ငံအကျိုးများစွာ ထိခိုက်နိုင်ဖွယ်ရာရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတကာနှင့်စာချုပ်များချုပ်ဆိုခြင်း၊ အတည်ပြုဆောင်ရွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ စာချုပ်မှ နုတ်ထွက်ခြင်းဆိုင်ရာတာဝန်နှင့် လုပ်ပိုင်ခွင့်ကို နိုင်ငံတော်သမ္မတအား အပ်နှင်းရာတွင် ဤအခြေခံဥပဒေအရ ပြည်ထောင်စုလွှတ်တော်ကသာ လုပ်ပိုင်ခွင့်ရှိသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ချုပ်ဆိုသည့်စာချုပ်များ၊ **နိုင်ငံအတွက် အရေးပါသော တာဝန်များဖြစ်ပေါ်စေမည့် စာချုပ်များဖြစ်ပါက ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်နှင့်သာ ဆောင်ရွက်ခွင့်ရှိသင့်ကြောင်း။**

ထို့ကြောင့် စာချုပ်များချုပ်ဆိုခြင်းဆိုင်ရာ နိုင်ငံတော်သမ္မတ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်နှင့် စပ်လျဉ်းပြီး–

"နိုင်ငံတော်သမ္မတသည် ဥပဒေနှင့်အညီ–

(က) ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့်သာ အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းစာချုပ်များ ချုပ်ဆိုခြင်း၊ အတည်ပြုဆောင်ရွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ စာချုပ်များမှနုတ်ထွက်ခြင်းပြုရမည်၊

(ခ) ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရန် မလိုအပ်သော အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်း စာချုပ်များချုပ်ဆိုခြင်း၊ အတည်ပြုဆောင်ရွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ စာချုပ်များမှ နုတ်ထွက်ခြင်းပြုနိုင်သည်"

ဟု အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရန်သင့်မသင့် ဆွေးနွေးအကြံပြုကြရန်ဖြစ်ပါကြောင်း။

နိုင်ငံတော် သို့မဟုတ် အများပြည်သူတို့နှင့် သက်ဆိုင်သည့် အရေးကြီးသည့် ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်မှာဖြစ်စေ၊ အများပြည်သူတို့အားဖြစ်စေ နိုင်ငံတော်သမ္မတက မိန့်ခွန်းပြောကြားခွင့်နှင့် စပ်လျဉ်း၍ လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို ဆက်လက်ရှင်းလင်းတင်ပြလိုပါကြောင်း။

နိုင်ငံတစ်နိုင်ငံကို ဦးဆောင်ရသည့် နိုင်ငံတော်အကြီးအကဲ တစ်ဦးအနေဖြင့် အများပြည်သူတို့နှင့် အစဉ်အမြဲထိတွေ့နေမှသာ ပြည်သူတို့၏ဘဝနှင့် နိုင်ငံ၏အခြေအနေမှန်များကို ပိုမိုသိရှိနိုင်မည်ဖြစ်ကြောင်း၊ အများပြည်သူတို့နှင့် နီးစပ်မှုရှိမှသာ နိုင်ငံနှင့် ပြည်သူအကျိုး ပိုမိုသယ်ပိုးဆောင်ရွက်နိုင်သကဲ့သို့ အများပြည်သူ၏ ကြည်ညိုလေးစားမှုကိုလည်း ခံယူရရှိနိုင်မှာဖြစ်ပါကြောင်း၊ အများပြည်သူတို့အား အခါအားလျော်စွာ မိန့်ခွန်းများပြောကြားခြင်းဖြင့် အုပ်ချုပ်သူ အကြီးအကဲနှင့် ပြည်သူတို့အကြား ဆက်သွယ်မှုကိုမပြတ်စေဘဲ ထိန်းသိမ်းထားနိုင်မှာဖြစ်ပါကြောင်း၊ နိုင်ငံတော် သို့မဟုတ် အများပြည်သူတို့နှင့် သက်ဆိုင်သည့်အရေးကြီးသည့် ကိစ္စရပ်များပေါ်ပေါက်လာသည့်အခါ အုပ်ချုပ်သူ အကြီးအကဲက လွှတ်တော်မှာဖြစ်စေ၊ အများပြည်သူတို့အားဖြစ်စေ အသိပေးရန် မိန့်ခွန်းပြောကြားလေ့ ရှိပါကြောင်း။

သမ္မတက အုပ်ချုပ်ရေးအကြီးအကဲအဖြစ် ဆောင်ရွက်သည့်နိုင်ငံအများအပြား၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အတွက် အရေးကြီးသည့်အခြေအနေနှင့် အချိန်အခါတို့တွင် လွှတ်တော်၌ဖြစ်စေ၊ တစ်နိုင်ငံလုံးသို့ဖြစ်စေ မိန့်ခွန်းပြောကြားခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

၁၉၄၇ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၆၁ပုဒ်မခွဲ(၁)နှင့်ပုဒ်မခွဲ(၂)တို့ တွင် "နိုင်ငံတော်သမ္မတသည် နိုင်ငံတော်သို့မဟုတ် ပြည်သူတို့နှင့် သက်ဆိုင်သည့် အရေးကြီးသောကိစ္စများနှင့်စပ်လျဉ်း၍ အမှာလွှာဖြင့် သော်လည်းကောင်း၊ မိန့်ခွန်းဖြင့်သော်လည်းကောင်း၊ ပါလီမန်သို့ အကြောင်းကြားနိုင်သည်။ နိုင်ငံတော်သမ္မတသည် မည်သည့်ကိစ္စအကြောင်းကိုမဆို အခါမရွေး တစ်နိုင်ငံလုံးသို့လည်း မိန့်မြွက်နိုင်သည်"ဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါကြောင်း။

သမ္မတက အုပ်ချုပ်ရေးအကြီးအကဲအဖြစ်ဆောင်ရွက်သည့် နိုင်ငံအတော်များများတွင် နိုင်ငံတော်သမ္မတက လွှတ်တော်မိန့်ခွန်းပြောကြားခြင်းဖြင့်ဖြစ်စေ၊ သဝဏ်လွှာပေးခြင်းဖြင့် ဖြစ်စေ၊ အများပြည်သူတို့အား ပြောကြားလိုသည်များ၊ အသိပေးသင့်သည်များကို အသိပေးပြောကြားလေ့ရှိကြောင်း လေ့လာတွေ့ရှိနိုင်ပါကြောင်း၊ ထို့ကြောင့် **ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်သမ္မတသည် နိုင်ငံအတွက် အရေးကြီးသည့် အခြေအနေနှင့်အချိန်အခါမျိုးတွင် လွှတ်တော်သို့ဖြစ်စေ၊ ပြည်သူများသို့ တိုက်ရိုက်ဖြစ်စေ မိန့်ခွန်းပြောကြားခွင့်ရှိကြောင်း၊ သဝဏ်လွှာပေးပို့ခွင့်ရှိကြောင်း ထည့်သွင်းဖော်ပြသင့်ပါကြောင်း၊** နိုင်ငံတော်သမ္မတသည် မိမိနိုင်ငံ၏ မူဝါဒများ၊ လုပ်ငန်းအစီအစဉ်များ၊ မိမိနိုင်ငံ၏ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများကို အခါအားလျော်စွာ ပြည်သူများအား အသိပေးရန် လိုအပ်ပါကြောင်း၊ သို့မှသာလျှင် ပြည်သူများအနေဖြင့် မိမိနိုင်ငံ၏ အရေးအရာများကို သိရှိနားလည်ကြပြီး ပြည်သူများအပိုင်းက လိုက်နာဆောင်ရွက်သင့်သည်များကို လိုက်နာဆောင်ရွက်သွားနိုင်ကြမှာဖြစ်ပါကြောင်း၊ ထိန်းသိမ်းကာကွယ်စောင့်ရှောက်သင့်သည်များကိုလည်း ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားနိုင်ကြမှာဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတနှင့်ပြည်သူတို့ ထိတွေ့မှု မပြတ်လပ်စေသည့်အပြင် ပြည်သူ့အရေးကိစ္စများကို အရေးတယူဆောင်ရွက်ပေးရာလည်း ရောက်စေနိုင်မှာဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်သမ္မတနှင့်လွှတ်တော်နှစ်ရပ်တို့ ရင်းနှီးစွာပူးပေါင်းဆောင်ရွက်မှုကိုလည်း ပိုမိုရှင်သန်နိုင်စေမှာဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်သမ္မတအနေဖြင့် လွှတ်တော်တစ်ရပ်ရပ်တွင် ဖြစ်စေ၊ အများပြည်သူတို့အားဖြစ်စေ မိန့်ခွန်းပြောကြားခြင်းနှင့်စပ်လျဉ်းပြီး–

"နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏ မူဝါဒများနှင့်နိုင်ငံတော်၏ အခြေအနေအရပ်ရပ်တို့ကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင်ဖြစ်စေ၊ ပြည်သူ့လွှတ်တော်သို့မဟုတ်အမျိုးသားလွှတ်တော်အစည်းအဝေးတွင်ဖြစ်စေ၊ နိုင်ငံတစ်ဝန်းလုံးသို့ဖြစ်စေ၊ အခါအားလျော်စွာမိန့်ခွန်းပြောကြားခွင့်၊ သဝဏ်လွှာပေးပို့ခွင့်ရှိသည်"

ဟု အသေးစိတ်အခြေခံရမည့်မူချမှတ်ရန် သင့်မသင့်ဆွေးနွေးအကြံပြုကြရန်ဖြစ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်သို့မဟုတ်အမျိုးသားလွှတ်တော်အရေးပေါ်အစည်းအဝေးသို့မဟုတ်အထူးအစည်းအဝေးခေါ်ယူခြင်းဆိုင်ရာ နိုင်ငံတော်သမ္မတ၏ လုပ်ပိုင်ခွင့်နှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို ဆက်လက်တင်ပြသွားပါမည်။

နိုင်ငံတစ်ဝန်းလုံး၌ အရေးပေါ် အခြေအနေပေါ်ပေါက်လျှင်ဖြစ်စေ၊ အခြားလုံလောက်သောအကြောင်းတစ်စုံတစ်ရာကြောင့်ဖြစ်စေ လွှတ်တော်နှစ်ရပ်စလုံး ပါဝင်သည့် ပြည်ထောင်စုလွှတ်တော်အရေးပေါ်အစည်းအဝေးသို့မဟုတ် အထူးအစည်းအဝေးခေါ်ယူကျင်းပပေးရန် လိုအပ်လာနိုင်ပါကြောင်း၊ ယင်းသို့ လွှတ်တော်အရေးပေါ်အစည်းအဝေးသို့မဟုတ် အထူးအစည်းအဝေးကျင်းပရန် ဆင့်ခေါ်ခြင်းနှင့်စပ်လျဉ်းပြီး အချို့နိုင်ငံများတွင် လွှတ်တော်သဘာပတိ သို့မဟုတ် သဘာပတိအဖွဲ့ကလည်းကောင်း၊ အချို့နိုင်ငံများတွင် နိုင်ငံတော် ကောင်စီကဲ့သို့ အဖွဲ့အစည်းကလည်းကောင်း၊ အချို့နိုင်ငံများတွင် နိုင်ငံတော်သမ္မတကလည်းကောင်း လွှတ်တော်အစည်းအဝေးကျင်းပရန် ဆင့်ခေါ်နိုင်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ပြဋ္ဌာန်းထားကြသည်ကို တွေ့ရှိရပါကြောင်း။

လွှတ်တော်ပုံမှန် အစည်းအဝေးများကျင်းပချိန်တွင် အရေးပေါ်အခြေအနေများ ပေါ်ပေါက်လာလျှင် ကျင်းပနေသည့် အစည်းအဝေးတွင်စဉ်းစားဆုံးဖြတ်ရန် လွယ်ကူသော်လည်း ပုံမှန်အစည်းအဝေးများကျင်းပချိန် မဟုတ်သည့်ကြားကာလမျိုးတွင် လွှတ်တော်အရေးပေါ် အစည်းအဝေးများကို ကျင်းပလိုပါက လွှတ်တော်ကို အမြန်ဆုံး ခေါ်ယူကျင်းပရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတအုပ်ချုပ်သည့် နိုင်ငံအတော်များများတွင် ယင်းအခွင့်အာဏာကို နိုင်ငံတော်သမ္မတအား လွှဲအပ်ထားသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ယင်းသို့ ခေါ်ယူခွင့်ပြုရာတွင်လည်း အချို့နိုင်ငံများတွင် နိုင်ငံတော်သမ္မတက တိုက်ရိုက်ဆင့်ခေါ်နိုင်ပြီး အချို့နိုင်ငံများတွင် သက်ဆိုင်ရာလွှတ်တော် သဘာပတိ သို့မဟုတ် သဘာပတိအဖွဲ့သို့ အကြောင်းကြားပြီးမှ ခေါ်ယူခွင့်ပြုကြသည်ကိုလည်း လေ့လာတွေ့ရှိရပါကြောင်း။

၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ၅၁တွင်မူ "လိုအပ်လျှင် ပြည်သူ့လွှတ်တော်အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ နိုင်ငံတော်ကောင်စီက ခေါ်ယူကျင်းပနိုင်သည်"ဟု ပြဋ္ဌာန်းထားကြောင်း။

နိုင်ငံတော်အတွက် လွှတ်တော်က အရေးတကြီးစဉ်းစားဆုံးဖြတ်ရန် လိုအပ်လာသည့်အခါမျိုးတွင် လွှတ်တော်ပုံမှန်အစည်းအဝေးများ ကျင်းပချိန်မဟုတ်ပါက လွှတ်တော်နှစ်ရပ်ပါဝင်သည့် ပြည်ထောင်စုလွှတ်တော်အရေးပေါ် သို့မဟုတ် အထူးအစည်းအဝေးကျင်းပရန် ခေါ်ယူရန် မလွဲမသွေလိုအပ်မှာဖြစ်ကြောင်း၊ ယင်းအခါမျိုးတွင် နိုင်ငံတော်သမ္မတအနေဖြင့် ပြည်ထောင်စုလွှတ်တော်နာယကနှင့်ဆက်သွယ်ပြီး လွှတ်တော်အရေးပေါ် အစည်းအဝေးကိုဖြစ်စေ၊ အထူးအစည်းအဝေးကိုဖြစ်စေ ကျင်းပရန် ညှိနှိုင်းခေါ်ယူခွင့်ရှိသင့်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်ကို ကြီးကြပ်သူသည် ပြည်ထောင်စုလွှတ်တော်နာယကဖြစ်၍ ပြည်ထောင်စုလွှတ်တော်အရေးပေါ် အစည်းအဝေးကိုဖြစ်စေ၊ အထူးအစည်းအဝေးကိုဖြစ်စေ ခေါ်ယူကျင်းပပေးရန် နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော် နာယကအား အကြောင်းကြား ဆက်သွယ်ပြီး ခေါ်ယူကျင်းပစေရန် ဖြစ်ပါကြောင်း၊ ယခုတင်ပြချက်မှာ နိုင်ငံတော်သမ္မတ၏ ပြည်ထောင်စုလွှတ်တော် အရေးပေါ် သို့မဟုတ် အထူးအစည်းအဝေးခေါ်ယူခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်ကိုသာ အဓိကထားပြီး တင်ပြခြင်းဖြစ်ပါကြောင်း၊ လွှတ်တော်ပုံမှန်အစည်းအဝေးများ ကျင်းပခြင်းဆိုင်ရာ အချိန်ကာလသတ်မှတ်ချက်များ၊ အခြားအသေးစိတ် အချက်အလက်များမှာ လွှတ်တော်ဆိုင်ရာပြဋ္ဌာန်းချက်များတွင် ပါရှိမှာဖြစ်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်ခေါ်ယူခြင်းဆိုင်ရာ နိုင်ငံတော်သမ္မတ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်တို့နှင့် စပ်လျဉ်း၍–

"နိုင်ငံတော်သမ္မတသည် လိုအပ်လျှင် ပြည်ထောင်စုလွှတ်တော်အရေးပေါ် အစည်းအဝေးကိုဖြစ်စေ၊ အထူးအစည်းအဝေးကိုဖြစ်စေ ခေါ်ယူကျင်းပပေးရန် ပြည်ထောင်စုလွှတ်တော် နာယကအား အကြောင်းကြားနိုင်သည်။"

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန် သင့်မသင့် ဆွေးနွေးအကြံပြုကြရန်ဖြစ်ပါကြောင်း။

ဆက်လက်၍ နိုင်ငံတော်သမ္မတ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များတွင် ပါဝင်သင့်သည့် ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်များထုတ်ပြန်ကြေညာခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို တင်ပြလိုပါကြောင်း။

နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံတော်၏ လုံခြုံရေးကြောင့်လည်းကောင်း၊ အခြားအရေးကြီးသည့် အကြောင်းတစ်စုံတစ်ရာကြောင့်လည်းကောင်း ချက်ချင်းအရေးယူဆောင်ရွက်ရမည့် ကိစ္စမျိုးရုတ်တရက် ပေါ်ပေါက်တတ်ပါကြောင်း၊ ယင်းကဲ့သို့ ကိစ္စမျိုးပေါ်ပေါက်လာလျှင် လိုအပ်သည့် တစ်ချက်လွှတ်ဥပဒေ သို့မဟုတ် ဥပဒေကဲ့သို့ အာဏာတည်သည့်အမိန့် (Ordinance)ထုတ်ပြန်ဆောင်ရွက်ရပါကြောင်း၊ သာမန်အခြေအနေမျိုးတွင် ဥပဒေတစ်ရပ်ပြဋ္ဌာန်းလိုလျှင် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှတ်တော်တွင် ဥပဒေကြမ်းကို တင်သွင်းဆွေးနွေးပြီး သဘောတူအတည်ပြုပါက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဥပဒေအဖြစ် ပြဋ္ဌာန်းပေးရန် နိုင်ငံတော်သမ္မတထံ တင်ပြရပါကြောင်း၊ နိုင်ငံတော် သမ္မတကသတ်မှတ်ချက်များနှင့်အညီ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာပေးရပါကြောင်း၊ ယင်းအခြေအနေမျိုးတွင် လွှတ်တော်အစည်းအဝေးများကျင်းပခိုက် အချိန်အခါမျိုးမှသာဖြစ်နိုင်ပါကြောင်း၊ လွှတ်တော်အစည်းအဝေးများမရှိခိုက် နိုင်ငံတော်အတွက် ချက်ချင်းအရေးယူဆောင်ရွက်ရန်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

8-3 (07).p65 1 3/24/05, 11:13 AM

အမျိုးသား ညီလာခံ စုံညီ အစည်းအဝေး တွင်သဘာပတိ အမျိုးသား ညီ လာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေး ချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်း ရေးမှူး(၁)ဒုတိယ ဗိုလ် ချုပ် ကြီး သိန်းစိန် အမျိုး သား ညီလာခံ စုံညီ အစည်း အဝေးသို့ တက် ရောက်ကြောင်း မှတ်တမ်းစာအုပ် တွင် လက်မှတ် ရေးထိုးစဉ်။
(သတင်းစဉ်)

● **ရှေ့ဖုံးမှ**

'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်းဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့ ၁၇ ဖွဲ့ အပါအဝင် အခြားအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မစတင်မီ နံနက် ၇ နာရီခွဲ မှစတင်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူး အမျိုးသား ညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၁ ဦးရှိပြီး ၁၀၇၂ ဦးတို့ တက်ရောက်လာကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၁၇ ရာခိုင်နှုန်းရှိသဖြင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ဦးအောင်တိုး ရှင်းလင်းတင်ပြ

အစီအစဉ်အရ အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် အုပ်ချုပ်ရေးအပိုင်းပါ "နိုင်ငံတော်သမ္မတ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ"နှင့် စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ရှင်းလင်းတင်ပြသည်။

(အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုး၏ ရှင်းလင်းတင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။)

ခေတ္တရပ်နား

ထို့နောက် အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် အုပ်ချုပ်ရေးအပိုင်းပါ "နိုင်ငံတော်သမ္မတ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ"နှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့်အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင်က ဆက်လက်ဖတ်ကြားတင်ပြပြီး စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

(အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၏ဖတ်ကြားတင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် အုပ်ချုပ်ရေးအပိုင်းပါ "တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအခွင့်အာဏာ"နှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီအဖွဲ့ဝင် တရားရုံးချုပ် တရားသူကြီး ဦးတင်အေး ဖတ်ကြားတင်ပြစဉ်။
(သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် အုပ်ချုပ်ရေးအပိုင်းပါ "ပြည်ထောင်စုအစိုးရ၏အုပ်ချုပ်မှု အခွင့်အာဏာ" နှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီအဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန် ဖတ်ကြားတင်ပြစဉ်။
(သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များအား တွေ့ရစဉ်။
(သတင်းစဉ်)

နိုင်ငံတော်သမ္မတ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့်အသေးစိတ်အခြေခံရမည့်မူများ

တရားသူကြီးချုပ်ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်နှင့် လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးသောင်းညွန့်တို့ ဖတ်ကြားတင်ပြ

ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်မှုအခွင့်အာဏာနှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့်အသေးစိတ်အခြေခံရမည့်မူများ

ဒုတိယဝန်ကြီး ဦးသိန်းစိန်၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့် တရားသူကြီးဒေါက်တာတင်အောင်အေးတို့ ဖတ်ကြားတင်ပြ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအခွင့်အာဏာနှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများ

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်နှင့် တရားသူကြီး ဦးတင်အေးတို့ ဖတ်ကြားတင်ပြ

ဆက်လက်ဖတ်ကြား

ဆက်လက်၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက်၁၀နာရီခွဲတွင် ပြန်လည်ကျင်းပရာ အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် အုပ်ချုပ်ရေးအပိုင်းပါ"နိုင်ငံတော်သမ္မတ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ"နှင့် စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်က ဆက်လက်ဖတ်ကြားတင်ပြသည်။

(အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ပါသည်။)

ထို့နောက် အမျိုးသားညီလာခံ၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် အုပ်ချုပ်ရေးအပိုင်းပါ "ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်မှုအခွင့်အာဏာ"နှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီအဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က ဖတ်ကြားတင်ပြပြီး နေ့လယ်စာသုံးဆောင်ရန် စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

(အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးသိန်းစိန်၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ပါသည်။)

အုပ်ချုပ်ရေးအပိုင်းပါ

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအနက် အုပ်ချုပ်ရေးအပိုင်းပါ "ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်မှုအခွင့်အာဏာ" နှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ကိုယ်စား လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ဆက်လက်ဖတ်ကြားတင်ပြသည်။

(အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ပါသည်။)

ဒေါက်တာတင်အောင်အေး

ဆက်လက်၍ အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် အုပ်ချုပ်ရေးအပိုင်းပါ "ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်မှုအခွင့်အာဏာ"နှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေးက ဆက်လက်ဖတ်ကြားတင်ပြပြီး စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

(အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေး၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ပါသည်။)

ဒေါက်တာသန်းညွန့်

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မွန်းလွဲ၂နာရီ ၁၅မိနစ်တွင် ပြန်လည်ကျင်းပရာ အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် အုပ်ချုပ်ရေးအပိုင်းပါ "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏အုပ်ချုပ်မှုနှင့် အခွင့်အာဏာ"နှင့် စပ်လျဉ်းပြီးချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီအဖွဲ့ဝင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က ဖတ်ကြားတင်ပြသည်။

(အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၏ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ပါသည်။)

ဦးတင်အေးဆက်လက်ဖတ်ကြား

ဆက်လက်၍ အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် အုပ်ချုပ်ရေးအပိုင်းပါ "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအခွင့်အာဏာ"နှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီအဖွဲ့ဝင် တရားရုံးချုပ်တရားသူကြီး ဦးတင်အေးက ဆက်လက်ဖတ်ကြားတင်ပြသည်။

(အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် တရားရုံးချုပ် တရားသူကြီး ဦးတင်အေး၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ပါသည်။)

ယင်းနောက် ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ညနေ ၃ နာရီ၁၅ မိနစ်တွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မတ်စရက်(အင်္ဂါနေ့) နံနက် ၉နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ်အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ဆောင်ရွက်စဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် အုပ်ချုပ်ရေးအပိုင်းပါ "နိုင်ငံတော်သမ္မတ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ" နှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့် ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် အုပ်ချုပ်ရေးအပိုင်းပါ "တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအခွင့်အာဏာ"နှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီအဖွဲ့ဝင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် အုပ်ချုပ်ရေးအပိုင်းပါ "ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်မှုအခွင့်အာဏာ" နှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီအဖွဲ့ဝင် တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေး ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် အုပ်ချုပ်ရေးအပိုင်းပါ "ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်မှုအခွင့်အာဏာ" နှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား လုပ်ငန်း ကော်မတီအဖွဲ့ဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

ကောက်နှံဆပွား စပါးတောင်အသွင် ရှမ်း(တောင်)တစ်ခွင်

ရတနာစည်ဆရာတော်
(လှိုင်လင်)

(က)

စိုက်ပျိုးရေးနိုင်ငံ တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ၌ ပုဂံခေတ်ကတည်းကပင် စိုက်ပျိုးရေးဖြစ်ထွန်းသော ကျောက်ဆည်ဒေသ အခြေပြု 'လယ်တွင်းကိုးခရိုင်'ဟု သမိုင်းတင် တည်ရှိခဲ့ဖူး၏။ ယင်းလယ်တွင်း ကိုးခရိုင်ကိုအမှီပြု၍ တစ်နိုင်ငံလုံး ဆန်ရေစပါးပေါများလျှံပယ် ကြွယ်ကြွယ်ဝဝဖြင့် ပြည့်ဝမ်းဝခဲ့၏။ ပြည့်ဝမ်းဝခဲ့သလို ပြည့်ဒါန လှုခဲ့သောကြောင့် စဉ်ဆက်မပြတ်သော ဆွမ်းအာဟာရအလှူများဖြင့် သာသနာ့အသက်ရှင်သန်ကာ ဗုဒ္ဓမြတ်စွာသာသနာ ရှည်ကြာတည်တံ့ပြန့်ပွားခဲ့၏။

ပန်းလောင်းမြစ်အခြေပြု စောလုမြို့၊ မြစ်သားမြို့၊ ပင်လယ်မြို့၊ မြစ်မနား (ယခုပျဉ်းမနား)မြို့၊ ဇော်ဂျီမြစ်အခြေပြု မြောင်လှမြို့၊ မြင်းခုံတိုင်မြို့၊ မက္ခရာမြို့၊ ပန်(ပေါက်မြိုင်)မြို့နှင့် မြင်စိုင်းမြို့တို့၏ နယ်ပယ်များအပါအဝင် ရှေးခေတ်အရေးအသား 'ခရိုန်'တို့၌ လယ်ယာသီးနှံ ဖြိုးသန်ခဲ့ခြင်းကို အကြောင်းပြုကာ မြန်မာတို့၏ သဒ္ဓါတရား၊ စေတနာတရားတို့နှင့် ပေါင်းစပ်လျက် သာသနာအတွက် ဆွမ်းအာဟာရပြည့်ဝစေနိုင်ခဲ့သောကြောင့်သာ ဤမြန်မာနိုင်ငံဝယ် ယနေ့အထိ သာသနာရှင်သန်ဆဲ ဖြစ်နေရပါသည်ဟုဆိုသော် သစ္စာကထာပင် မဟုတ်လော။

(ခ)

"တိုးပွားလာမည့် နိုင်ငံတော်၏ လူဦးရေအခြေအနေအရ ယခုကတည်းက စိုက်ပျိုးမှုလုပ်ငန်းများကို ကြိုးကြိုးစားစား မလုပ်ပါက အရှေ့တောင်အာရှ၌ စပါးကျီဟုခေါ်သည့် မြန်မာနိုင်ငံသည် နောင်အခါတွင် စားရေးသောက်ရေးအတွက် အခက်အခဲ အကျပ်အတည်းနှင့် ကြုံတွေ့လာနိုင်ကြောင်း။

"ယခုပစ္စုပ္ပန်ကာလ၌ တာဝန်ယူနေရသူများသည် အနာဂတ်ကာလအတွက် ကောင်းမွန်သည့် အခြေအနေများဖြစ်ပေါ်အောင် ကြိုတင်မြော်မြင်ပြီး ကောင်းမွန်သော အခြေအနေကို ဖန်တီးပေးဖို့ တာဝန်ရှိကြောင်း။

"နောင်သားစဉ်မြေးဆက်အတွက် အပင်ပန်းခံ ကြိုးစားဆောင်ရွက်ကြရမှာဖြစ်ကြောင်း။"

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
၂၀/၂၄-၇-၁၉၉၅ ပဲခူးနှင့်ဧရာဝတီတိုင်း
ခရီးစဉ်လမ်းညွှန်ချက်။

"လူ့အဖွဲ့အစည်းသည် ရပ်တန့်နေ၍ မရဘဲ အစဉ်ဖွံ့ဖြိုးတိုးတက်အောင် အမြဲစဉ်းစား တွေးခေါ်ကြိုးပမ်း လုပ်ကိုင်ဆောင်ရွက်နေကြရမှာဖြစ်ကြောင်း။

"မိမိတို့နိုင်ငံ၏ လူဦးရေမှာ နှစ်စဉ်တိုးတက်လာလျက်ရှိရာ နောင်နှစ်ပေါင်း ၃၀ကျော်ခန့်တွင် နိုင်ငံတော်၏ လူဦးရေမှာ သန်း ၁၀၀ အထိ ရှိလာမှာဖြစ်ကြောင်း။

"နောင်တိုးပွားလာမည့် နိုင်ငံသူနိုင်ငံသားများ စားရေးအတွက် ပူပန် ကြောင့်ကြမှုမရှိ ဖူဖူလုံလုံစားသုံးနိုင်စေရန် မိမိတို့ ယခုကတည်းကပင် စိုက် ဧရိယာတိုးချဲ့ခြင်း၊ တစ်ဧကအထွက်နှုန်း တိုးတက်စေခြင်း စသည်ဖြင့် ဆောင်ရွက်သင့်သည်များကို စနစ်တကျ ကြိုးစားစီမံဆောင်ရွက်ထားကြရမှာဖြစ်ကြောင်း။

"မိမိတို့ မျက်ကွယ်ပြုသွားသည့်နောက်ပိုင်း မိမိတို့၏ သားသမီး၊ မြေးမြစ်များ အနေဖြင့် ဖူဖူလုံလုံမစားရဘဲ စားရေးအတွက် ကြောင့်ကြပူပင်နေရသည့် လူမျိုးအဖြစ် မခံနိုင်ကြောင်း။

"နောင်လာနောက်သားများအတွက် မိမိတို့လုပ်ပေးသင့် လုပ်ပေးထိုက်သည်ကို လုပ်ကိုင်ပေးရန် တာဝန်ရှိကြောင်း။"

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
၁၄/၁၅-၁၁-၂၀၀၄၊ ဧရာဝတီတိုင်း
ခရီးစဉ်လမ်းညွှန်ချက်။

(ဂ)

ယနေ့ကာလဝယ် ဧရာဝတီတိုင်းသည် အောက်မြန်မာပြည်၏ စပါးကျီကြီး ဖြစ်လျက်ရှိသကဲ့သို့ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းတို့ကလည်း ထက်ကြပ်လိုက်နေသည့် အနေအထားနှင့်အတူ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းတို့သည်အထက်မြန်မာပြည်၏ စပါးကျီများအဖြစ် ထွန်းသစ်လာလျက်ရှိ၏။ မကွေးတိုင်းသည် အထက်မြန်မာပြည်၏ ဆီအိုးကြီးဖြစ်လျက်ရှိသကဲ့သို့ တနင်္သာရီတိုင်းသည် အောက်မြန်မာပြည်၏ ဆီအိုးကြီးဖြစ်လာမည့်အနေအထား ရောက်လာနေ၏။ ယနေ့မြန်မာနိုင်ငံ၏ ဆီကိုရေချိုး၍ စပါးမျိုးတောင်ပုံလာမည့် အခြေအနေမှန် ဖြစ်ပါသည်။

အခြားအခြားသော ညီအစ်ကို တိုင်းများ၊ ပြည်နယ်များကလည်း ဒေသဝမ်းစာဖူလုံရေး၊ အဓိကသီးနှံကြီး ၁၀မျိုးနှင့်တကွ ဒေသဖြစ်သီးနှံများ တိုးတက်စိုက်ပျိုးနိုင်ရေး၊ တစ်ဧကအထွက်နှုန်း တိုးရေး၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးတို့ကို အလေးထားကြိုးပမ်းလျက်ရှိသည်တို့တွင် ဤအရှင်တို့ ပဝတ္တိသီတင်းသုံးရာ ရှမ်းပြည်နယ်(တောင်ပိုင်း)ကလည်း ပြိုင်းရရိုင်း ကြွားရရွား ကြိုးစားလျှောက်လှမ်းလျက်ရှိနေရာ တစ်လှမ်းပြီးတစ်လှမ်း မနားတမ်းလှမ်းနေပုံကို တွေ့ကြုံမြင်ကြားနေရပါကုန်ပြီ။

စိုက်စနစ်မှန်ကန်ရေး၊ သီးနှံအလိုက် အထွက်ကောင်းမျိုး သုံးစွဲရေး၊ ဓာတ်မြေဩဇာနှင့် ဒေသထွက်မြေဩဇာ ပေါင်းစပ်သုံးစွဲရေး၊ သီးနှံအလိုက်ရေတော်၊ မိုးတော်ဧကများ တိုးတက်ဖြစ်ပေါ်ရေးဟူသော နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုကို ခံယူကာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ရှမ်း(တောင်)ဒေသ တစ်ခုလုံးကို စိုက်ခင်းကြီးများနှင့် ဖုံးလွှမ်းနေအောင် မနားတမ်းကြိုးပမ်းလျက်ရှိ၏။ ထို့ပြင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးကိုလည်း အားပေးမြှင့်တင်လျက်ရှိ၏။

ကုန်လွန်ခဲ့ပြီးသော ၂၀၀၃ခုနှစ်မှ စတင်ကာ **ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ၊ တိုက်ရိုက်အစေ့ချ စွမ်းရည်ပြိုင်ပွဲနှင့် လယ်ယာ(၁၆) လက်တွန်းထွန်စက် စွမ်းရည်ပြိုင်ပွဲဟူသော ပြိုင်ပွဲသုံးရပ်ကို မြို့နယ်အလိုက်၊ ခရိုင်အလိုက် ကျင်းပပေးခဲ့ကာ ပြည်နယ်အဆင့်အထိ တိုးမြှင့်ကျင်းပပေးနိုင်ခြင်းကြောင့် စိုက်ပျိုးနည်းစနစ် မှန်ကန်ရေးကို ကြီးမားစွာ အထောက်အကူပြုနိုင်ရုံသာမက ပင်ခြားတန်းခြားစနစ်ကို တောင်သူလောကထဲသို့ ထဲထဲဝင်ဝင် ဖြန့်ကြက်ပေးနိုင်ခဲ့၏။ ယနေ့တွင်သော်မူ "ပင်ကြားလက်တစ်ဆုပ်-တန်းကြား လက်တစ်ထွာ ကောက်ပင် တစ်သိန်းခုနစ်သောင်းပါ" ဟူသော ဆောင်ပုဒ်သည် မသိသူမရှိ ဖြစ်လာနေ၏။**

ယင်းအရှိန်အဟုန်ကို ၂၀၀၄ခုနှစ်၌လည်း ပို၍ မြင့်မားနေအောင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးကိုယ်တိုင် ဦးဆောင်ကြိုးပမ်းလျက်ရှိရာ အထွက်ကောင်း မျိုးဖြစ်သော ရွှေရင်အေးစပါးမျိုးကို တိုးတက်စိုက်ပျိုးနိုင်ခြင်း၊ ဆင်းရွှေဝါစပါးမျိုးနှင့် အခြားအထွက်ကောင်းမျိုးတို့ကို တိုးတက်စိုက်ပျိုးနိုင်ခြင်း၊ တောင်သူလောက၌ ခေတ်မီစိုက်ပျိုးရေး အတတ်ပညာများ ပြန့်ပွားလာခြင်းတို့ကြောင့် ဒေသဝမ်းစာဖူလုံရေးအတွက် အားတက်ဖွယ် အနေအထားကောင်းသို့ ရောက်ရှိလာလေပြီ။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၏ ညွှန်ကြားမှုဖြင့် ၂၀၀၄ ခုနှစ် စိုက်ပျိုးရေးရာသီမှာ ရှမ်း(တောင်)ဒေသတွင်းရှိ အမြို့မြို့အနယ်နယ်တို့ဝယ် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးပြီး စိုက်ပျိုးရေးအကျိုးပြု စွမ်းရည်ပြိုင်ပွဲ သုံးရပ်ကို မြို့နယ်အလျောက် ကျင်းပပေးပြီးနောက် လွိုင်လင်ခရိုင်နှင့်တောင်ကြီးခရိုင်တို့၌ ခရိုင်အဆင့် ပြိုင်ပွဲများကျင်းပကာ နောက်ဆုံးတွင် ပြည်နယ်အဆင့် ပြိုင်ပွဲကြီးအထိ ကျင်းပပေးနိုင်ခြင်း၏ ရလဒ်များမှာ မှန်ကန်သောစိုက်နည်းစနစ်များ တောင်သူလောကထဲသို့ စိမ့်ဝင်ပျံ့နှံ့လာခြင်း၊ အထွက်ကောင်းမျိုး ပြောင်းလဲစိုက်ပျိုးခြင်းဖြင့် ယခင်တစ်ဧကတင်း၅၀ ဝန်းကျင်မှ ယခုတစ်ဧကတင်း၁၀၀ အထက် ထွက်ရှိကြောင်း တောင်သူများကိုယ်တိုင် သိမြင်လာကာ အထွက်ကောင်းမျိုး စိုက်ပျိုးရန် အားတက်ထက်သန်လာခြင်း၊ စိုက်ပျိုးရေးဖြင့် လူမှုစီးပွားဘဝ အမှန်မြင့်မားလာကြောင်း တောင်သူများကိုယ်တိုင် ယုံကြည်ချက်နက်ရှိုင်းလာခြင်း၊ များများပျိုး များများစိုက် မြဲမြဲဂရုစိုက်နိုင်လျှင် ထိုက်ထိုက်တန်တန် ဝါးထရုံမှပျဉ်ထောင်၊ ပျဉ်ထောင်မှအုတ်ပတ်ကားအထိ မြင့်မားသော အနေအထားပြယုဂ်များ ပေါ်ထွက်လာနေခြင်း စသည်စသည်ဖြစ်၏။

ယင်းသို့ဖြစ်လာအောင် စွမ်းဆောင်ကြိုးပမ်းပေးလျက်ရှိပါသော နိုင်ငံတော်အကြီးအကဲ၏ စေတနာ၊ နိုင်ငံတော်အစိုးရ၏စေတနာ၊ ဒေသဆိုင်ရာ အာဏာပိုင်တို့၏စေတနာနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ စေတနာတို့ကို ယခုအခါဝယ် တောင်သူများကိုယ်တိုင် မျက်မြင်တွေ့ထိ သိရှိခံစားနေကြရလေပြီ။

(ဃ)

မိုးစပါးစိုက်ပျိုးရေး ရာသီဦး ကာလတစ်လျှောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ပထမဦးစွာ လွိုင်လင်ခရိုင်၌ ခရိုင်အဆင့် စွမ်းရည်သုံးရပ်ပြိုင်ပွဲကို ကျင်းပပေးခဲ့၏။ ကျင်းပပေးသောနေရာမှာ လွိုင်လင်ခရိုင် ပင်လုံမြို့ရှိ ပင်လုံတက္ကသိုလ်ကြီးနှင့် မနီးမဝေးစိုက်ကွင်း နေရာဖြစ်၏။

ယင်းပြိုင်ပွဲသို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မိုင်းနောင်တပ်နယ်၊ လွိုင်လင်ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ တာဝန်ရှိသူများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတာဝန်ခံများ၊ ပြိုင်ပွဲဝင်အသင်းများ၊ အုပ်ချုပ်သူများ၊ စိတ်ပါဝင်စားကြသော တောင်သူများနှင့် ဒေသခံပြည်သူများပါ တစ်ခဲနက်တက်ရောက်ခဲ့ကြသဖြင့် ယခင်နှစ်ကထက် ထက်သန်ခြင်း၊ တက်ကြွခြင်း၊ စည်ကားခြင်းပုံရိပ်များ တဖိတ်ဖိတ်တောက်ပခဲ့ကြောင်း တွေ့ရှိရပါသည်။

ပထမဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များ၊ နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းချက်များကို တက်ရောက်လာသူများ နားလည်ခံယူနိုင်ရန် ထည့်သွင်းပြောကြားပြီး ယခုစွမ်းရည်ပြိုင်ပွဲသုံးရပ်၏ ရည်ရွယ်ချက်ကိုလည်း ဤသို့ အမှတ်စဉ်တပ်၍ ပြောကြား၏။

၁။ ရှမ်းပြည်နယ် ဒေသဆန်ဖူလုံရေးဆောင်ရွက်ရာ၌ စပါးအထွက်နှုန်း တိုးတက်ရေးအတွက် ကောက်ကွက်ပြည့်မီရေး အထောက်အကူပြုရန်။ (ကောက်ကွက်ပြည့်မှ စပါးအထွက်တိုးသည်)

၂။ ပန်းတိုင်အထွက်နှုန်း တစ်ဧကတင်းတစ်ရာရရှိရေး အထောက်အကူပြုရန်။

၃။ ကောက်စိုက်လုံမေတစ်ဦးချင်း ကောက်စိုက်စွမ်းရည် မြင့်မားလာစေရန်။

၄။ မှန်ကန်၍ စနစ်ကျသော ခေတ်မီကောက်စိုက်နည်းစနစ်ကို တောင်သူအားလုံး ကိုယ်တိုင်မြင်တွေ့ကာ လိုက်နာဆောင်ရွက်မှု တိုးတက်လာစေရန်။

၅။ ကောက်စိုက်နည်းစနစ် မှန်ကန်စွာဆောင်ရွက်ခြင်းကြောင့် စပါးအထွက်နှုန်းတိုးလျက် အရည်အသွေးကောင်းစပါး ပေါများလာစေရန်။

၆။ တောင်သူအချင်းချင်း၊ လယ်ယာလုပ်သားအချင်းချင်း တရားသောနည်းလမ်းဖြင့် ယှဉ်ပြိုင်၍ လုပ်ငန်းအတွေ့အကြုံ ရင့်ကျက်ပြီး ခေတ်မီစိုက်ပျိုးနည်းပညာ ဖွံ့ဖြိုးတိုးတက်လာစေရန်။

၇။ ခေတ်မီစိုက်ပျိုးရေးစနစ်ကြောင့် စပါးအထွက်တိုး၍ ဝင်ငွေများတိုးကာ တောင်သူများ၏ လူနေမှုဘဝ မြင့်မားလာစေရန်။

၈။ တိုက်ရိုက်မျိုးစေ့ချစနစ် ကျင့်သုံးခြင်းဖြင့် စိုက်ပျိုးကုန်ကျစရိတ် သက်သာစေရန်။

၉။ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းလာစေရန်။

ဖော်ပြပါ ရည်ရွယ်ချက်များ အောင်မြင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သက်ဆိုင်ရာဌာနအကြီးအကဲများ၏ လမ်းညွှန်မှု၊ သက်ဆိုင်ရာဌာနများ၏ နည်းပညာနှင့် တောင်သူများကိုယ်တိုင် နိုးကြားတက်ကြွစွာ ကြိုးပမ်းမှုတို့ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းရင်း အမှာစကား နိဂုံးချုပ်ပြီးသော် တာဝန်ရှိသူတို့က ပြိုင်ပွဲသုံးရပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ ပြိုင်ပွဲအသီးသီး၌ ပြိုင်ပွဲဝင်အသင်းများကို လိုက်လံကြည့်ရှုအားပေးကြ၍ ပြိုင်ပွဲဆုရအသင်းများအား ဂုဏ်ပြုဆုငွေများ အသီးသီးချီးမြှင့်ပေးအပ်ကြလေ၏။

ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ၊ တိုက်ရိုက်အစေ့ချ စွမ်းရည်ပြိုင်ပွဲနှင့် လယ်ယာ(၁၆) လက်တွန်းထွန်စက် စွမ်းရည်ပြိုင်ပွဲဟူသော ပြိုင်ပွဲသုံးရပ်ကို မြို့နယ်အလိုက်၊ ခရိုင်အလိုက် ကျင်းပပေးခဲ့ကာ ပြည်နယ်အဆင့်အထိ တိုးမြှင့်ကျင်းပပေးနိုင်ခြင်းကြောင့် စိုက်ပျိုးနည်းစနစ် မှန်ကန်ရေးကို ကြီးမားစွာ အထောက်အကူပြုနိုင်ရုံသာမက ပင်ခြားတန်းခြား စနစ်ကို တောင်သူလောကထဲသို့ ထဲထဲဝင်ဝင် ဖြန့်ကြက်ပေးနိုင်ခဲ့၏။ ယနေ့တွင်သော်မူ "ပင်ကြားလက်တစ်ဆုပ်-တန်းကြား လက်တစ်ထွာ ကောက်ပင်တစ်သိန်းခုနစ်သောင်းပါ" ဟူသော ဆောင်ပုဒ်သည် မသိသူမရှိ ဖြစ်လာနေ၏။

ပြိုင်ပွဲဝင်အသင်းများအဖို့ ဆုငွေရရှိကြ၍ ပျော်ရွှင်ကြသလို ခေတ်မီစိုက်နည်းစနစ်များဖြင့် လက်တွေ့ယှဉ်ပြိုင်ရ၍လည်း အားတက်လျက်ရှိကြ၏။ ထို့ပြင် ခေတ်မီစိုက်နည်းစနစ်၌ စွဲစွဲမြဲမြဲ ထဲထဲဝင်ဝင်ရှိလာသလို လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေးအတွက်လည်း တက်ကြွနိုးကြားလာကြလေ၏။

(င)

တစ်ရက်သာခြားပြီးနောက် တောင်ကြီးခရိုင်အဆင့် စွမ်းရည်သုံးရပ်ပြိုင်ပွဲကို ဆက်လက်ကျင်းပ၏။ နေရာမှာ တောင်ကြီးခရိုင် ရွှေညောင်မြို့နယ် တိလောကျေးရွာဖြစ်၏။ လွိုင်လင်ခရိုင် ပြိုင်ပွဲကဲ့သို့ပင် တောင်သူများ အလွန်စိတ်ဝင်စား၍ စည်ကားတက်ကြွသော ပွဲကြီးတစ်ပွဲဖြစ်၏။ တောင်ကြီးခရိုင်အတွင်းရှိ မြို့နယ်တို့မှ ပြိုင်ပွဲဝင်အသင်း ၁၃သင်း ပါဝင်ယှဉ်ပြိုင်ကြ၏။

တိုင်းမှူးက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲသည် သီးနှံ၁၀မျိုးကို အရေးကြီးသီးနှံအဖြစ် သတ်မှတ်၍ ပန်းတိုင်အထွက်နှုန်း သတ်မှတ်ပေးထားခြင်း၏ အကြောင်းရင်းကို တက်ရောက်သူများ သဘောပေါက်နားလည်လာအောင် ရှင်းလင်းပြောကြားလေ၏။

"အရေးကြီးသီးနှံအဖြစ် စပါးကိုသတ်မှတ်ပေးထားပြီး ပန်းတိုင်အထွက်နှုန်း တစ်ဧက တင်းတစ်ရာ သတ်မှတ်ပေးထားခြင်းမှာ စပါးပေါမှ ဆန်ပေါကာ နိုင်ငံသားအားလုံး ဝဝလင်လင် စားသုံးနိုင်ဖို့ စားရေး စိတ်အေးရဖို့ဖြစ်ကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

စာမျက်နှာ ၇ မှ

လိုအပ်လာသည့်အခါမျိုးတွင် နိုင်ငံတော်သမ္မတကလိုအပ်သည်ဟု ထင်မြင်သည့် ဥပဒေကဲ့သို့ အာဏာတည်သည့်အမိန့်ကို လွှတ်တော်ကိုယ်စား ထုတ်ပြန်ကြေညာပေးရပါကြောင်း။

ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ထုတ်ပြန်ကြေညာရန် အခွင့်အာဏာကို နိုင်ငံအတော်များများတွင် နိုင်ငံတော်သမ္မတကို အပ်နှင်းထားလေ့ရှိကြပါကြောင်း၊ ဤသို့သောအမိန့်မျိုးသည် လွှတ်တော်အစည်းအဝေးမရှိခိုက် နိုင်ငံတော်အတွက် ရုတ်တရက်ပေါ်ပေါက်လာသည့်ကိစ္စအပေါ် ချက်ချင်းအရေးယူဆောင်ရွက်ရန်လိုအပ်၍ နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အကျိုးသက်ရောက်မှုရှိသည့် အမိန့်ကိုထုတ်ပြန်ကြေညာရခြင်းဖြစ်ခြင်းကြောင့် သတ်မှတ်သည့် ကာလအပိုင်းအခြားအတွင်း အနီးကပ်ဆုံးလွှတ်တော်အစည်းအဝေးသို့ ပြန်လည်တင်ပြပြီး အတည်ပြုချက်ရယူရန် လိုအပ်ပါကြောင်း၊ ယင်းအမိန့်ကို လွှတ်တော်က အတည်ပြုလိုက်လျှင် လွှတ်တော်ကပြုသည့်ဥပဒေကဲ့သို့ အကျိုးသက်ရောက်မှုရှိမှာဖြစ်ပါကြောင်း၊ ထို့ကြောင့် **ဥပဒေကဲ့သို့ အာဏာတည်သည့်အမိန့်ကို ထုတ်ပြန်ကြေညာနိုင်သည့် အခွင့်အာဏာမှာ နိုင်ငံတော်သမ္မတအား အပ်နှင်းထားသင့်**သည့် လုပ်ပိုင်ခွင့်တစ်ရပ်ဖြစ်ပါကြောင်း။

ဥပဒေကဲ့သို့ အာဏာတည်သည့်အမိန့်များ ထုတ်ပြန်ကြေညာခြင်းနှင့် စပ်လျဉ်းပြီး ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၁၁၀ ပုဒ်မခွဲ (၁)နှင့် ပုဒ်မခွဲ(၂)တို့တွင် "နိုင်ငံတော်သမ္မတသည် ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ်စလုံး၏ ညီလာခံမရှိခိုက် မည်သည့်အခါမျိုး၌မဆို ချက်ချင်းအရေးယူဆောင်ရွက်ရန်လိုအပ်သောကိစ္စများ ပေါ်ပေါက်လာသည့်အလျောက် လိုအပ်သည်ဟု ထင်မြင်သော တစ်ချက်လွှတ်ဥပဒေ (Ordinance)ကို ထုတ်ပြန်ကြေညာနိုင်သည်။ ဤ ပုဒ်မအရ ထုတ်ပြန်ကြေညာသော တစ်ချက်လွှတ်ဥပဒေသည် နိုင်ငံတော်သမ္မတက သဘောတူပြီးဖြစ်သော ပါလီမန်၏ အက်ဥပဒေကဲ့သို့ အကျိုးသက်ရောက်၍အတည်ဖြစ်ရမည်"ဟုလည်းကောင်း၊ "ထိုကဲ့သို့သော တစ်ချက်လွှတ်ဥပဒေတိုင်းကို ကြိုတင်နုတ်သိမ်းထားပြီး မဟုတ်လျှင် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ၄၅ ရက်အတွင်း၌ နိုင်ငံတော်သမ္မတသည် ထိုတစ်ချက်လွှတ် ဥပဒေကို ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ်စလုံးသို့ တင်ပြရမည်။ ပြည်သူ့လွှတ်တော် ပြန်လည်စည်းဝေးသည့်နေ့မှ ၁၅ ရက် ကုန်လွန်သောအခါ၌ဖြစ်စေ၊ လူမျိုးစုလွှတ်တော် ပြန်လည်စည်းဝေးသောနေ့မှ ၁၅ ရက် ကုန်လွန်သောအခါ၌ဖြစ်စေ နောက်ကျရာနေ့တွင် ထိုတစ်ချက်လွှတ်ဥပဒေသည် အတည်ဖြစ်နေခြင်းမှ ရပ်စဲရမည်။ သို့ရာတွင် နိုင်ငံတော်သမ္မတသည် ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ်စလုံး၏ သဘောတူညီချက်ဖြင့် ထိုတစ်ချက်လွှတ် ဥပဒေကို လိုအပ်သောကာလအပိုင်းအခြားအထိ ဆက်လက်အတည်ဖြစ်စေနိုင်သည်"ဟုလည်းကောင်း၊ ပုဒ်မခွဲ(၃)တွင်"တစ်ချက်လွှတ်ဥပဒေထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ၄၅ ရက်အတွင်း၌ နုတ်သိမ်းပြီးဖြစ်လျှင် ထိုတစ်ချက်လွှတ် ဥပဒေကို ပါလီမန်သို့ဆက်လက်ကျင်းပလတ္တံ့သော ညီလာခံတွင် တင်ပြရမည်"ဟုလည်းကောင်း၊ ပုဒ်မခွဲ(၄)တွင် "ဤပုဒ်မအရ တစ်ချက်လွှတ်ဥပဒေတစ်ခုတွင် ဤအခြေခံဥပဒေအရ ပါလီမန်က မပြုပိုင်သော ပြဋ္ဌာန်းချက်ပါရှိလျှင် ပါရှိသော ထိုပြဋ္ဌာန်းချက်သည် ပျက်ပြယ်ရမည်"ဟုလည်းကောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါကြောင်း။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၄တွင်"နိုင်ငံတော် ကောင်စီသည် ပြည်သူ့လွှတ်တော်အစည်းအဝေး တစ်ခုနှင့်တစ်ခုအကြားတွင် ပုဒ်မ ၄၇ ပါ ကိစ္စရပ်များမှအပ အခြားကိစ္စများအတွက် လိုအပ်လျှင် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်များကို ပြဋ္ဌာန်းနိုင်ခွင့်ရှိသည်။ယင်းအမိန့်များကို ရက်ပေါင်း ၉၀ အတွင်း ကျင်းပသော အနီးကပ်ဆုံး ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။ ယင်းအမိန့်များကို ထုတ်ပြန်ပြီးနောက် ရက်ပေါင်း ၉၀ အတွင်း ပြည်သူ့လွှတ်တော်အစည်းအဝေး ကျင်းပရန်မရှိလျှင် ပြည်သူ့လွှတ်တော်အစည်းအဝေးကိုခေါ်ယူကျင်းပ၍ အတည်ပြုချက်ရယူရမည်။ ပြည်သူ့လွှတ်တော် အတည်ပြုချက် မရရှိလျှင် ယင်းအမိန့်များသည် အတည် မပြုသည့်နေ့မှစ၍ အာဏာတည်ခြင်းမှ ရပ်စဲရမည်"ဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါကြောင်း၊ ယင်းပြဋ္ဌာန်းချက်များအရ ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ထုတ်ပြန်ခွင့်အာဏာကို နိုင်ငံတော်သမ္မတအား ပေးအပ်ထားခြင်းမပြုဘဲ နိုင်ငံတော်ကောင်စီကိုသာ ပေးအပ်ထားသည်ကို တွေ့ရှိနိုင်ပါကြောင်း။

နိုင်ငံအချို့တွင် ဥပဒေကဲ့သို့ အာဏာတည်သည့်အမိန့်များကို ထုတ်ပြန်ကြေညာနိုင်သည့် အခွင့်အာဏာကို နိုင်ငံတော်သမ္မတအား အပ်နှင်းထားကြောင်း လေ့လာတွေ့ရှိရပါကြောင်း၊ သို့ရာတွင် ယင်းအခွင့်အာဏာကို နိုင်ငံတော်သမ္မတက လွတ်လပ်စွာ အပြီးအပြတ် ကျင့်သုံးနိုင်သည့် သဘောမျိုး ပေးအပ်ထားခြင်းမဟုတ်ဘဲ လွှတ်တော်အစည်းအဝေး မရှိသည့်ကာလတွင် နိုင်ငံအတွက် အရေးတကြီး လိုအပ်လာလျှင် လွှတ်တော်ကိုယ်စား ဆောင်ရွက်နိုင်ရန် ပေးအပ်ထားသည့် အခွင့်အာဏာ သဘောမျိုးသာဖြစ်ပါကြောင်း၊ သို့ရာတွင် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေကဲ့သို့ အာဏာတည်သည့်အမိန့် ထုတ်ပြန်ခွင့်မရှိကြောင်း ကန့်သတ်ထားမှုများရှိသည်ကိုလည်းလေ့လာတွေ့ရှိရပါကြောင်း။

နိုင်ငံတော်သမ္မတက ထုတ်ပြန်ကြေညာသည့် ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်သည် သတ်မှတ်ထားသည့် ကာလအပိုင်းအခြား၊ သတ်မှတ်ထားသည့် စည်းကမ်းချက်ဘောင် အတွင်း၌သာ ဥပဒေကဲ့သို့ အာဏာစက်တည်ရှိနိုင်ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါကြောင်း၊ နိုင်ငံတော်သမ္မတအနေနှင့် ဥပဒေကဲ့သို့ အာဏာတည်သည့်အမိန့်ကို ထုတ်ပြန်ပြီးပါက သတ်မှတ်ကာလအတွင်း လွှတ်တော်အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက် ရယူရန်လိုအပ်ပါကြောင်း၊ ယင်းကဲ့သို့ သတ်မှတ်ကာလအတွင်း မတင်ပြလျှင် ယင်းအမိန့်သည် ပျက်ပြယ်သွားပါကြောင်း၊ အလားတူ လွှတ်တော်က အတည် မပြုလျှင်လည်း အတည်မပြုသည့်နေ့မှစပြီး အာဏာတည်ခြင်းမှ ရပ်စဲသွားကြောင်း လေ့လာတွေ့ရှိရပါကြောင်း။

ယင်းလုပ်ပိုင်ခွင့်ကို နိုင်ငံတော်သမ္မတအား စည်းကမ်းသတ်မှတ်ချက်များနှင့် ပေးအပ်ထားခြင်းဖြစ်ပါကြောင်း၊ နိုင်ငံ၏အနေအထား၊ အခြေအနေ၊ ရေမြေသဘာဝတို့အပေါ်မူတည်ပြီး စည်းကမ်းများသတ်မှတ်ထားကြလေ့ရှိသည့် နည်းတူ မိမိတို့နိုင်ငံအနေဖြင့်လည်း နိုင်ငံနှင့်လိုက်လျောညီထွေ ဖြစ်စေမည့် စည်းကမ်းချက်များသတ်မှတ်ထားရန် လိုအပ်ပါကြောင်း၊ ယင်းသို့သတ်မှတ်ရာတွင် နိုင်ငံတော်သမ္မတကထုတ်ပြန်သည့် ဥပဒေကဲ့သို့အာဏာတည်သည့် အမိန့်သည် မည်သည့်အတိုင်းအတာထိ အကျိုးသက်ရောက်ပြီး အတည်ဖြစ်ကြောင်း ဖော်ပြရန်လိုအပ်သကဲ့သို့ မည်သို့သောအခြေအနေမျိုးဖြစ်လျှင် ပျက်ပြယ်ကြောင်း ထည့်သွင်းရန်လည်း လိုအပ်ပါကြောင်း၊ ထုတ်ပြန်ကြေညာသည့်နေ့မှ ရက်ပေါင်း မည်မျှအတွင်း ပြည်ထောင်စုလွှတ်တော်သို့တင်ပြရမည်ဟု သတ်မှတ်ရန်လိုသကဲ့သို့ အချိန်ကာလမည်မျှကုန်ဆုံးလျှင် အာဏာတည်ခြင်းမှရပ်စဲကြောင်း ပြဋ္ဌာန်းရန်လည်း လိုအပ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်ကသဘောတူလျှင် လိုအပ်သည့် ကာလအတိုင်းအတာအထိ အတည်ဖြစ်စေနိုင်သကဲ့သို့ ပြည်ထောင်စုလွှတ်တော်ကသဘောမတူလျှင် ယင်းအမိန့်များသည် အတည်မပြုသည့်နေ့ကစပြီး အာဏာတည်ခြင်းမှ ရပ်စဲကြောင်းဖော်ပြရန်လည်း လိုအပ်ပါကြောင်း။

ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် လွှတ်တော်အစည်းအဝေးများ မရှိခိုက် မည်သည့်အခါမျိုးတွင်မဆို နိုင်ငံတော်အတွက် ချက်ချင်းအရေးယူဆောင်ရွက်ရန် လိုအပ်လျှင် နိုင်ငံတော်သမ္မတသည် ဥပဒေကဲ့သို့အာဏာတည်သည့် အမိန့်များထုတ်ပြန်နိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းသင့်ပါကြောင်း၊ သို့သော် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍မူ ဥပဒေကဲ့သို့အာဏာတည်သည့်အမိန့်မျိုးကို ထုတ်ပြန်ခွင့်မရှိကြောင်း ကန့်သတ်ထားသင့်ပါကြောင်း၊ ဥပဒေကဲ့သို့အာဏာတည်သည့်အမိန့်များကိုထုတ်ပြန်သည့်အခါ ရက်ပေါင်း ၆၀အတွင်း အနီးကပ်ဆုံး ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့တင်ပြပြီး အတည်ပြုချက်ရယူစေသင့်ပြီး အတည်ပြုချက်မရရှိလျှင် ယင်းအမိန့်များသည် အတည်မပြုသည့်နေ့က စပြီး အာဏာတည်ခြင်းမှ ရပ်စဲရန်လည်းကောင်း၊ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ထိုဥပဒေကဲ့သို့အာဏာတည်သောအမိန့်ကို လိုအပ်သောကာလအပိုင်းအခြားအထိ ဆက်လက်အတည်ဖြစ်စေနိုင်ရန်လည်းကောင်း၊ ဥပဒေကဲ့သို့အာဏာတည်သော အမိန့်ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ရုပ်သိမ်းပြီး ဖြစ်စေကာမူ ထိုဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို အနီးကပ်ဆုံးကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့တင်ပြရန်လည်းကောင်း၊ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်တွင် ဤအခြေခံဥပဒေအရ ပြည်ထောင်စုလွှတ်တော်က ဆုံးဖြတ်ပိုင်ခွင့်မရှိသော ပြဋ္ဌာန်းချက် ပါရှိလျှင် ယင်းပြဋ္ဌာန်းချက်သည် ပျက်ပြယ်စေရန်လည်းကောင်း အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း သုံးသပ်ရရှိပါကြောင်း။

ထို့ကြောင့် ဥပဒေကဲ့သို့ အာဏာတည်သည့်အမိန့်များ ထုတ်ပြန်ခြင်းဆိုင်ရာ နိုင်ငံတော်သမ္မတ၏ လုပ်ပိုင်ခွင့်နှင့် စပ်လျဉ်းပြီး-

"(က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတစ်ခုနှင့်တစ်ခုအကြား နိုင်ငံတော်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ကိစ္စရပ်များမှအပ ချက်ချင်းအရေးယူဆောင်ရွက်ရန်လိုအပ်သော အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်(Ordinance)ကို ထုတ်ပြန်ခွင့်ရှိသည်။

(ခ) နိုင်ငံတော်သမ္မတသည် ပုဒ်မခွဲ(က)အရ ထုတ်ပြန်ခဲ့သည့် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ကိုရုပ်သိမ်းထားခြင်း မရှိလျှင် ယင်းအမိန့်ထုတ်ပြန်သည့် နေ့မှ ရက်ပေါင်း ၆၀ အတွင်း ကျင်းပသော အနီးကပ်ဆုံး ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက် ရယူရမည်။ ရက်ပေါင်း ၆၀ အတွင်း ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပရန်မရှိလျှင် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးကို ခေါ်ယူကျင်းပစေ၍ အတည်ပြုချက်ရယူရမည်။

(ဂ) ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်မရရှိလျှင် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်သည် အတည်မပြုသည့်နေ့မှစ၍ အာဏာတည်ခြင်းမှ ရပ်စဲရမည်။

(ဃ) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ထိုဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ကို လို အပ်သောကာလအပိုင်းအခြားအထိ ဆက်လက်အတည်ဖြစ်စေနိုင်သည်။

(င) ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း၆၀အတွင်း ရုပ်သိမ်းပြီးဖြစ်စေကာမူ ထိုဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ကိုအနီးကပ်ဆုံး ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြရမည်။

(စ) ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်တွင် ဤအခြေခံဥပဒေအရ ပြည်ထောင်စုလွှတ်တော်က ဆုံးဖြတ်ပိုင်ခွင့်မရှိသော ပြဋ္ဌာန်းချက်ပါရှိလျှင် ယင်းပြဋ္ဌာန်းချက်သည် ပျက်ပြယ်ရမည်"

ဟု အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရန် သင့်မသင့် ဆွေးနွေးအကြံပြုကြရန်ဖြစ်ကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။

၂၀၀၅ခုနှစ် မတ်၇ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် အုပ်ချုပ်ရေးအပိုင်းပါ "နိုင်ငံတော်သမ္မတ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ"ကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးသောင်းညွန့်၏ ဖတ်ကြားတင်ပြချက်နှင့် "ပြည်ထောင်စုအစိုးရ၏အုပ်ချုပ်မှုအခွင့်အာဏာ"ကို အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၏ ဖတ်ကြားတင်ပြချက်တို့ကို မတ် ၉ ရက်ထုတ် သတင်းစာများတွင် ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။

(သတင်းစဉ်)

အလုံအထက(၁) မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၇

အလုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားပေးခဲ့သော အသက်(၅၅)နှစ်ပြည့် ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ပွဲအခမ်းအနားကို ဧပြီ၉ရက် (စနေနေ့)တွင် အလုံအထက(၁)တွင် ကျင်းပမည်ဖြစ်သည်။ လှူဒါန်းပူဇော်လိုသော ကျောင်းသား ကျောင်းသူများသည် ဆရာမ ဒေါ်မြင့်မြင့်စိန် ဖုန်း-၅၁၀၆၆၉၊ ၂၂၀၅၉၈၊ ဒေါက်တာလွင်လွင်ဦးလှိုင် ဖုန်း-၅၇၈၉၉၆၊၅၁၃၄၅၆ နှင့် ကိုအောင်ကျော်သန်း ဖုန်း-၀၉-၅၀-၀၆၇၁၁၊ ၂၁၀၆၅၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

တိုက်ဂါး-မြန်မာ အပျော်တမ်းတံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ ရန်ကုန်ဂေါက်ကလပ်၌ကျင်းပ

ရန်ကုန် မတ် ၇

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ကြီးမှူး၍ ၂၀၀၅ခုနှစ် တိုက်ဂါး-မြန်မာ အပျော်တမ်းတံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ(Tiger-Myanmar Amateur Open 2005) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဒညင်းကုန်းရှိ ရန်ကုန်ဂေါက်ကလပ်၌ကျင်းပသည်။

ဖွင့်ပွဲတွင် ပြိုင်ပွဲဝင်ဂေါက်သီးရိုက်အားကစားသမားများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တီခုံအမှတ်(၁)(1st TEE)၌ နေရာယူထားကြပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ Myanmar PGA နှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ Mr. David Teng (Myanmar Brewery Ltd.) Generalမန်နေဂျာနှင့် ရန်ကုန် ဂေါက်ကလပ်အတွင်းရေးမှူး ဦးအေးချိုတို့က အလှည့်ကျဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြကာ ပထမနေ့ ၁၈ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ဦးဆောင်ကစား

ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲအပြီးတွင် မြတ်ထွဋ်က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်ပြီး ၇၁ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ခင်ဇော်ဝင်း၊ ဇော်ဇင်ဝင်းနှင့်ဘိုဘို တို့က ၇၂ ချက်စီဖြင့် ဒုတိယလိုက်နေကြပြီး သိန်းဇော်မြင့်က ၇၃ ချက်ဖြင့် တတိယလိုက်နေကာ ခင်ဇော်မြင့်က ၇၅ ချက်ဖြင့် စတုတ္ထလိုက်နေသည်။

ဆက်လက်ကျင်းပမည်

ယင်းပြိုင်ပွဲ၏ Title Sponsor အဖြစ် Myanmar Breweey Ltd. က အဓိကပံ့ပိုးကူညီပြီး Co-Sponsors များအဖြစ် Air Mandalay Ltd., Dusit Inya Lake Hotel, Ping, Srixon နှင့် ACCEL International Co., Ltd.(Canon) တို့ကလည်း ထပ်မံ၍ကူညီပံ့ပိုးကြပြီး ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းပြိုင်ပွဲကို မတ် ၈ရက် နံနက် ၈နာရီခွဲတွင် ယင်းဂေါက်ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

ပြည်တွင်း၌ လွတ်လပ်စွာ ရောင်းဝယ်နိုင်ဖို့အပြင် ပြည်တွင်းစားသုံးမှု ဖူလုံပါက ပြည်ပသို့ပါ ရောင်းချနိုင်၍ နိုင်ငံခြားသုံးငွေ ရရှိလာစေဖို့ ဖြစ်ကြောင်း။

"မြေပဲ တင်း၂၀၊ နှမ်း တင်း၂၀၊ ဆီနေကြာ တင်း၅၀ သတ်မှတ်ပေးထားခြင်းမှာ ဟင်းလျာ၌ အဓိကပါဝင်နေသော စားသုံးဆီ ဖူလုံဖို့ဖြစ်ပြီး ပြည်တွင်းထွက် စားသုံးဆီ ဖူလုံလာလျှင် ပြည်ပမှ တင်သွင်းရမှုချုပ်ငြိမ်းကာ နိုင်ငံခြားသုံးငွေ ပိုလျှံလာစေဖို့ ဖြစ်ကြောင်း။

"ပဲတီစိမ်း တင်း ၂၀၊ မတ်ပဲတင်း ၂၀၊ ပဲစင်းငုံ ၂၅တင်း သတ်မှတ်ပေးထားခြင်းမှာ ဟင်းလျာအဖြစ် အာဟာရဓာတ်ပြည့်ဝစွာ စားသုံးနိုင်ဖို့ဖြစ်ပြီး ကြံတန် ၃၀ သတ်မှတ်ပေးထားခြင်းမှာ သကြားပေါလျှင် မုန့်ပဲသရေစာ ပေါများဖို့ ဖြစ်သလို အစေ့ထုတ်ပြောင်း တင်း၈၀ သတ်မှတ်ပေးထားခြင်းမှာလည်း မုန့်ပဲသရေစာ ပေါများဖို့အပြင် တိရစ္ဆာန်များအတွက်ပါ အစားအစာ ထုတ်လုပ်နိုင်ဖို့ဖြစ်ကာ ချည်မျှင်ရှည်ဝါ ပိဿာ၄၀၀ သတ်မှတ်ပေးထားခြင်းမှာ အဝတ်အထည်အတွက် မပူပင်ရဖို့ဖြစ်ကြောင်း"ဖြင့် ရှင်းလင်းစွာ ထည့်သွင်းပြောကြားလေ၏။

အရေးကြီးသီးနှံ ၁၀မျိုး ပန်းတိုင်အထွက်နှုန်း ပြည့်မီအောင် တစ်နိုင်ငံလုံး ကြိုးပမ်းနိုင်ခြင်းဖြင့် ပြည်တွင်းစားရေး၊ ဝတ်ရေး ပြည့်စုံလာနိုင်ခြင်း၊ ပြည်ပပို့ကုန် တိုးတက်လာနိုင်ခြင်း၊ နိုင်ငံခြားသုံးဝင်ငွေ တိုးတက်လာနိုင်ခြင်း၊ နိုင်ငံခြားသုံးငွေ သုံးစွဲမှု ချွေတာလာနိုင်ခြင်းစသော ရလဒ်ကောင်းများ အများအပြား ဖြစ်ထွန်းလာမည် မုချဖြစ်လေ၏။

တောင်ကြီးခရိုင် စွမ်းရည်သုံးရပ်ပြိုင်ပွဲ ဖွင့်ပွဲကို ဖွင့်လှစ်ပေးပြီးနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပြိုင်ပွဲဝင်နေပုံကို လိုက်လံကြည့်ရှုအားပေးကြပြီး ဆုရအသင်းများအား ဂုဏ်ပြုဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့်ကြလေ၏။

လွိုင်လင်ခရိုင်နှင့် တောင်ကြီးခရိုင် ခရိုင်အဆင့် စွမ်းရည် သုံးရပ်ပြိုင်ပွဲများ၏ ရလဒ်ကောင်းများမှာ တောင်သူများ နိုးကြားတက်ကြွလာခြင်း၊ စိုက်နည်းစနစ်၌ သက်ဝင်မှု နက်ရှိုင်းလာခြင်း၊ စိုက်ပျိုးရေး ဗဟုသုတများ လက်ဝယ်ပိုင်ပိုင် ရရှိလာခြင်း၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် ကြီးမားကျယ်ပြန့်စွာ အထောက်အကူဖြစ်လာခြင်းတို့ပေတည်း။ ။

(ဆက်လက်ဖော်ပြပါမည်။)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တပ်မတော်နေ့စစ်ရေးပြအခမ်းအနားအတွက် အလှူငွေများလက်ခံ

ရန်ကုန် မတ် ၇

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် စေတနာရှင် အလှူရှင်များက နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားအတွက် ဒုတိယအကြိမ် အလှူငွေနှင့်ပစ္စည်းများပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက် အစည်းအဝေးခန်းမ၌ကျင်းပရာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တက်ရောက်၍ အလှူငွေများကိုလက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားသို့ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်း၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ဗိုလ်ချုပ်အောင်ကြည်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်း၊ တပ်မတော်အရာရှိကြီး များနှင့် အလှူရှင်များတက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာအလှူရှင်များဖြစ်ကြသော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ငွေကျပ်၂၄၅၀၀၀တန်ဖိုးရှိ အပ်ချုပ်စက်၁၀စုံနှင့် ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ်ငါးသိန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ငွေကျပ်ငါးသိန်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) တာမိုးညဲဒေသတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့က ငွေကျပ်၁၅ သိန်း၊ ဦးဇော်ဝင်း(အရဏ်ဦးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)က ငွေကျပ် ၁၅သိန်း၊ ဦးသိန်းထွန်း(အမ်ဂျီအက်စ် ကုမ္ပဏီလီမိတက်)က ငွေကျပ် ၁၁၈၀၈၀၀ တန်ဖိုးရှိ အချိုရည်မျိုးစုံ ပုလင်း ၁၉၆၈၀၊ ဦးကျော်မြင့် (ဟိုးအင်ဝမ်းကုမ္ပဏီ)က ငွေကျပ်သိန်း ၄၀၊ ဦးမောင်မောင်(ဂရိတ်ဝေါဆေးဝါးနှင့် ဆောက်လုပ်ရေးလုပ်ငန်းမိသားစု)က ငွေကျပ် ၁၀၃၂၀၀၀ တန်ဖိုးရှိ တိုင်းရင်းဆေးမျိုးစုံ၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်က ငွေကျပ် ၁၀ သိန်း၊ ဒေါက်တာဒေါ်ခင်ခင်ရီ(Shine Hope Co. Ltd)က ငွေကျပ်ခြောက်သိန်း၊ မြန်မာယူနီဗာဆယ်ဘဏ်က ငွေကျပ်ငါးသိန်း၊ ဦးမောင်ကြီး (ရှယ်ဖင်မလီကုမ္ပဏီ)က ငွေကျပ် ခြောက်သိန်း၊ ဦးအောင်မွန်– ဒေါ်လှလှမွန်(မြင့်မြတ်ဆန်စပါးရောင်းဝယ်ရေး)က ငွေကျပ် ၄၅၀၀၀၀တန်ဖိုးရှိ ဆန်အိတ်၅၀၊ ဦးသိန်း–ဒေါ်လှကြိုင်(ပဲခူးမြို့)မိသားစုက ငွေကျပ်သုံးသိန်းနှင့်ငွေကျပ် တစ်သိန်းတန်ဖိုးရှိဆေးပေါ့လိပ်များ၊ ဗိုလ်မှူးချုပ် ကျော်တင့်(ငြိမ်း)နှင့် ဦးတီတိုး (ဥက္ကဋ္ဌ၊မြန်မာမန်းကုမ္ပဏီ လီမိတက်)တို့က ငွေကျပ်လေးသိန်း တန်ဖိုးရှိ ငါးပိသာ၅၀၀၊ သမားတော်ကြီး ဦးလှဋ္ဌေး–သီရိသုခမ္မသီဂီ ဒေါ်တင်နွယ်ဦး (မှန်ချိုဆေးတိုက်မိသားစု)က ငွေကျပ် ၃၁၅၀၀၀တန်ဖိုးရှိ သလိပ်ပျော်ဆေးများ၊ သီရိသုခမ္မမဏိဇောတရ ဦးသန်းနိုင်– သီဟသုခမ္မသီဂီဒေါ်ကြည်ကြည်ဆွေ(သမ္မတသက်န်းတိုက်)က ငွေကျပ်သုံးသိန်း၊ သန်လျင်မြို့ လောကနတ်ပရဟိတနတ်စင်တစ်ရာကျောင်း ဆရာတော် ဦးပညာတေဇက ငွေကျပ်သုံးသိန်းတန်ဖိုးရှိ ဆန်အိတ် ၅၀၊ မြန်မာနိုင်ငံလုံးဆိုင်ရာ မွေးမြူရေးအဖွဲ့ချုပ် ဘဲဥ၊ ကြက်ဥ ဒိုင်များက ငွေကျပ် ၂၂၂၀၀၀ တန်ဖိုးရှိ ကြက်ဥအလုံး ၆၀၀၀၊ ဦးဆွေသန်းနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်မှ ကြက်၊ဘဲဈေးသူ ဈေးသားများက ငွေကျပ် ၂၂၀၀၀၀၊ ဦးစစ်နိုင် (သက်နိုင်ရေးကုမ္ပဏီ)၊ ဦးထွန်းမင်း–ဒေါ်မေသီရိစိုး(MTM Construction Group)၊ ဗိုလ်ကြီးဗထူး (ငြိမ်း)အား ရည်စူး၍ ဦးကျော်ထူး (Htoo Family International Trading Co.,Ltd.)နှင့် ဟာဂျီဦးတင်ဝင်း(ရန်ကုန်–မက္ကာခရီးသွားလုပ်ငန်း) တို့က ငွေကျပ် နှစ်သိန်းစီ၊ ဦးသန်းမောင်–ဒေါ်ငွေကြည် (ချမ်းမြေ့စတိုး၊ မြောက်ဥက္ကလာပ)က ငွေကျပ် ၁၈၀၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၂၀၊ သီရိသုခမ္မမဏိဇောတရေသမားတော်ကြီးဦးဘိုကြီး–သီရိသုခမ္မသီဂီဒေါ်သန်းသန်း(ပြည်လုံးချမ်းသာဆေးတိုက်)က ငွေကျပ် ၁၈၀၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၂၀၊ ဟာဂျီ ဦးခင်မောင်သန်း(MD, Network Marking Co.,Ltd.)က ငွေကျပ် ၁၅၀၀၀၀ တန်ဖိုးရှိ ပန်းနာရင်ကြပ်ပျောက်ဆေး ၃၆ ဗူး၊ သုခမ္မမဏိဇောတရ ဦးတင်အောင်–ဒေါ်လှလှနွယ်(ဝင်းရတနာခရီးသည်ပို့ဆောင်ရေးလုပ်ငန်း)၊ ဦးသိုင်းဝင်း–ဒေါ်ဌေးဌေးညွန့်(ဘီတီဘီကုမ္ပဏီ)နှင့် ဦးဇော်လင်း(စတားလိုက်စီးပွားရေးလုပ်ငန်းစု၊ မန္တလေး)တို့က ငွေကျပ်နှစ်သိန်းစီ၊ မိုက်ကယ်ညွန့်– ဒေါ်နန်းထွေးခမ်းညွန့် (တာမွေမားကက် ဒီပလိုမင့်ကုမ္ပဏီ)က ငွေကျပ်သုံးသောင်းနှင့် ငွေကျပ် ၁၂၀၀၀၀ တန်ဖိုးရှိ အောင်တမန် အခိုးပွင့်လျက်ဆား ပုလင်း ၆၀၀၊ ဦးတင်ဌေး(မြေမှုန့်ကြိတ်လုပ်ငန်း၊ မှော်ဘီမြို့)က ငွေကျပ် ၁၂၀၀၀၀၊ သုခမ္မမဏိ ဇောတရ ဦးတင်အောင်–ဒေါ်လှလှနွယ်(ဝင်းရတနာခရီးသည်ပို့ဆောင်ရေး)က ငွေကျပ် ၁၁၀၀၀၀၊ ဦးမောင်မောင်စိုး–ဒေါ်နွေးနွေး(Sweet Center Fashin Shop)၊ ဦးငြိမ်း (နာယက၊ မြန်မာနိုင်ငံဆန်စပါး ကုန်သည်များ အသင်း)–ဒေါ်အုန်းကြင် (အိုကေဆန်ဆီရောင်းဝယ်ရေး)၊ ဦးခင်အောင်(အောင်ရတနာ ကုမ္ပဏီလီမိတက်)၊ ဟာဂျီဦးမြင့်စိုး (ရှိုင်ရယ်ကြွေပြားကုမ္ပဏီ၊ စော်ဘွားကြီးကုန်း)၊ ဟာဂျီဦးမင်းဟန် (ဟန်ညီအစ်ကိုများ ဆန်စက်ပစ္စည်းရောင်းဝယ်ရေး)၊ မြန်မာမွတ်ဆလင်အမျိုးသားရေးရာအဖွဲ့ချုပ် ဘန်ဂါလီစွန်နီဂျာ မေပလီကြီးကြပ်ရေးအဖွဲ့၊ ဦးကျော်နိုင် (ဂိုးဒင်းဆန်းမွန်း လီမိတက်)၊ ဦးမြင့်သိန်း (ရွှေယင်းမာရောင်းဝယ်ရေး)၊ ဦးမြင့်မောင်(ဖူဂျီပန်းချီဆေးဆိုင်)နှင့်ဟာဂျီဦးမောင်မောင်(အောင်နိုင်သူသံထည်ပစ္စည်းရောင်းဝယ်ရေး)တို့က ငွေကျပ်တစ်သိန်းစီ၊ ဗဟန်းမြို့နယ်နေ ဗိုလ်ချုပ်မြင့်လွင်(ငြိမ်း)နှင့် မိသားစုက ငွေကျပ်ငါးသောင်း ၊ ဗိုလ်လောင်း သက်ဝင်းမောင်ကငွေကျပ် ၁၅၀၀၀၊မဟန်သီဦးကမွေးနေ့ အလှူအဖြစ် ငွေကျပ်ငါးသောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူသာသနာရေး ဗဟိုအဖွဲ့ချုပ်ပန်းဘဲတန်းမြို့နယ်ကငွေကျပ်၅၆၀၀၀၊ အဲဗားမြန်မာဆောက်လုပ်ရေးက ငွေ ၅၅၅၅၅ကျပ်၊ ဟိုပင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့နှင့် ရွှေကချင်မော်တော်ယာဉ်အသင်းက ငွေကျပ် ၁၀၀၀၀၊ ဦးခင်အောင်–ဒေါ်ခင်မြင့်သူမိသားစု (မြို့တွင်းခရီးသည်ပို့ဆောင်ရေး၊လှိုင်သာယာ)က ငွေကျပ်ငါးသောင်းနှင့် ကိုထွန်းထွန်းဦး (ဒီမိုးကုမ္ပဏီလီမိတက်)က ငွေကျပ်ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်းနှင့် တာဝန်ရှိသူတို့ကလက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် အလှူရှင်များကိုယ်စား အလှူရှင်ဦးအောင်မွန်(မြင့်မြတ်ဆန်စပါးရောင်းဝယ်ရေး)က နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားအတွက် အလှူငွေများနှင့်ပစ္စည်းများ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌနိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အလှူရှင်များအား ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့ကျင်းပသော နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားအတွက် ဒုတိယအကြိမ်အလှူငွေများနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်၅၁ဦးတို့က ငွေ၁၄၆၀၆၅၅၅ကျပ်နှင့် ပစ္စည်းတန်ဖိုးငွေကျပ် ၄၈၇၄၈၀၀တို့အပါအဝင် စုစုပေါင်းငွေ၁၉၄၈၁၃၅၅ကျပ်ကို ပေးအပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့်တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် စေတနာရှင်အလှူရှင်များက နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားအတွက် ဒုတိယအကြိမ် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် အလှူငွေများကို လက်ခံယူစဉ်။ (သတင်းစဉ်)

မီးသတ်တပ်ဖွဲ့ဝင်များစစ်ရေးပြလေ့ကျင့်မှု ဝန်ကြီးဗိုလ်ချုပ်စိန်ထွား စစ်ဆေးကြည့်ရှု

ရန်ကုန် မတ် ၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွားသည် ယနေ့မွန်းလွဲပိုင်းတွင် နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ အောင်ဆန်းစစ်ကြောင်းမှ ပါဝင်ချီတက်မည့် မီးသတ်တပ်ဖွဲ့ဝင်များ စစ်ရေးပြလေ့ကျင့်လျက်ရှိသည့် တောင်ဥက္ကလာပမြို့နယ် နယ်မြေခံတပ်ရင်းရှိ စစ်ရေးပြလေ့ကျင့်ကွင်းသို့ ရောက်ရှိလာရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်နှင့် အရာရှိကြီးများ၊ အောင်ဆန်းစစ်ကြောင်းမှူး ဗိုလ်မှူးကြီးသိန်းဇော်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်စိန်ထွားသည် အောင်ဆန်းစစ်ကြောင်းမှ ပါဝင်ချီတက်မည့်မီးသတ်တပ်ဖွဲ့စစ်ရေးပြတပ်ခွဲများ၏ စစ်ရေးပြလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် ပါဝင်ချီတက်မည့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကျင်းပရာ ဦးအေးသန့်(Prime Boss Co., Ltd.)က အလှူရှင်များကိုယ်စား အလှူငွေ ပေးအပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူငွေများပေးအပ်လှူဒါန်းကြရာ ဦးစိုးသိန်း(နေအောင်ကုမ္ပဏီ)က ငွေကျပ် ဆယ်သိန်း၊ ဦးခင်မောင်ထူး(FEROZA Musical American Service (Myanmar) Co., Ltd.)က ငွေကျပ် ခုနစ်သိန်း၊ ဦးအေးသန်း(Prime Boss Co., Ltd.)၊ Micasa ဟိုတယ်၊ ဦးညွန့်သန်း (မြန်မာသီဟ ကုမ္ပဏီလီမိတက်)၊ ဒေါ်စန်းစန်းရီ (Europ Continents Myanmar) တို့က ငွေကျပ် ငါးသိန်းစီ၊ ဒေါ်ဥမ္မာသန်း (Big Bear Trading Co., Ltd.)က ငွေကျပ် သုံးသိန်း၊ ရန်ကုန်တိုင်း မီးသတ်တပ်ဖွဲ့ဝင်များက အလှူငွေနှစ်သိန်းတစ်သောင်း၊ ဒုတိယဗိုလ်မှူးကြီး တင်မြ(ငြိမ်း)(စိမ်းလဲ့ကန်သာစိုက်ပျိုးရေးနှင့်မွေးမြူရေးကုမ္ပဏီလီမိတက်)နှင့် ကပွတိန်ကိုကိုထူး(မန်နေဂျင်းဒါရိုက်တာ၊ မြန်မာ့စက်မှုဆိပ်ကမ်း၊ အလုံမြို့နယ်)တို့က ငွေကျပ် နှစ်သိန်းစီ၊ ဦးမြသိမ်း(Myanmar Distribution Group Co., Ltd.)က ငွေကျပ်တစ်သိန်းရှစ်သောင်း တန်ဖိုးရှိ ကယ်လ်ဆမ်ကွေကာ ကာတွန်းငါးထုပ်၊ ဦးတင်မောင်(စန္ဒီပရဆေး)က ငွေကျပ်တစ်သိန်းကိုးဆယ်၊မြန်မာနိုင်ငံမီးသတ်ဝန်ထမ်းဟောင်းများအသင်း ဥက္ကဋ္ဌ ရဲကျော်သူအေးနိုင် (နိုင်ကြီးမိသားစု လေးလုပ်ငန်း)၊ ဦးနှင်းစိန်–ဒေါ်မြငြိမ်း(အောင်သိန်းသစ်ဆိုင်နှင့် သစ်အချောထည်လုပ်ငန်း)၊ ပဲခူးတိုင်းမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဦးကျော်မင်း (FISCA ကုမ္ပဏီ)နှင့် ဦးမြစိုး(ဦးရွှေပြည်ဆောက်လုပ်ရေး)တို့က ငွေကျပ်တစ်သိန်းစီတို့ကိုပေးအပ်လှူဒါန်းကြရာ ဝန်ကြီးဗိုလ်ချုပ်စိန်ထွား **(အောက်ပုံ)** နှင့် ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်တို့က လက်ခံယူပြီး အလှူရှင်များအား

နှစ်(၆၀)ပြည့်တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကိုဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် စေတနာရှင် အလှူရှင်များက နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားအတွက် ဒုတိယအကြိမ် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် အလှူငွေများကို လက်ခံယူစဉ်။ (သတင်းစဉ်)

စစ်ရေးပြတပ်မတော်သားများ အားမာန်ပြည့်စစ်ရေးပြနိုင်ရေးစီစဉ် ဆောင်ရွက်ဖွယ်ရာလုပ်ငန်းများ အားကြိုးမာန်တက်ဆက်လက်ဆောင်ရွက်

ရန်ကုန် မတ် ၇

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့တော်လှန်ရေးပန်းခြံရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်း၊စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ညီထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စီမံခန့်ခွဲရေးကော်မတီနှင့် လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်လက်ကြိုးပမ်း

အစည်းအဝေးတွင် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အဖွင့်အမှာစကားပြောကြားရာ၌ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ တတိယအကြိမ် အစည်းအဝေးကို မတ်၄ရက်က ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ယခုစီမံခန့်ခွဲရေးကော်မတီ တတိယအကြိမ်အစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း၊ တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများအတွက် လိုအပ်သည်များ ဆက်လက်ဖြည့်ဆည်းဆောင်ရွက်ပေးရန်ရှိသည်များကို ယခုအစည်းအဝေးတွင် တင်ပြကြရန်ဖြစ်ကြောင်း၊ စစ်ရေးပြတပ်မတော်သားများစွမ်းအားပြည့်၊ အားမာန်အပြည့်ဖြင့် စစ်ရေးပြနိုင်ရေးအတွက် အဘက်ဘက်မှ လိုလေသေးမရှိအောင် စီစဉ်ဆောင်ရွက်ပေးရန် မှာကြားလိုကြောင်း၊ အထူးသဖြင့် စစ်ရေးပြစစ်ကြောင်းကြီးများကို အနီးကပ် အုပ်ချုပ်ထောက်ပံ့မှုပေးနေသည့် စခန်းအုပ်ချုပ်ရေးအဖွဲ့များက စစ်ရေးပြတပ်မတော်သားများ ကျန်းမာကြံ့ခိုင်ရေး၊ နေထိုင်စားသောက်မှု၊ စစ်ရေးပြလေ့ကျင့်မှု အဆင်ပြေချောမွေ့စေရေးတို့အတွက် လိုအပ်သည်များကို အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် စီမံခန့်ခွဲရေးကော်မတီသို့ အချိန်နှင့် တစ်ပြေးညီ တင်ပြဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ စီမံခန့်ခွဲရေးကော်မတီနှင့် လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းတာဝန်အများစုမှာ ဆောင်ရွက်ပြီးဖြစ်သော်လည်း တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားကျင်းပမည့်နေ့ရက်နီးကပ်လာသည်နှင့်အမျှ ဆောင်ရွက်ရန် ကျန်ရှိသည်များကို အမြန်ဆုံး ပြီးစီးအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဆောင်ရွက်ဖွယ်လုပ်ငန်းများကို အားကြိုးမာန်တက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မျိုးနိုင်က စီမံခန့်ခွဲရေးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ စစ်ရေးပြလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်နှင့် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ် ညီထွန်းတို့က စစ်ရေးပြလေ့ကျင့်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ကွင်းပြင်ဆင်ရေးလုပ်ငန်းအဖွဲ့၊ သယ်ယူပို့ဆောင်ရေးနှင့် နေရာချထားရေး လုပ်ငန်းအဖွဲ့၊ ပြန်ကြားရေးနှင့် ဖျော်ဖြေရေးလုပ်ငန်းအဖွဲ့၊ ဖိတ်ကြားရေးလုပ်ငန်းအဖွဲ့၊ ဆေးအကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့၊ ဧည့်သည်တော်များ ကြိုဆိုဧည့်ခံရေးလုပ်ငန်းအဖွဲ့၊ အကောင်းဆုံးစစ်ရေးပြတပ်ခွဲ ရွေးချယ် စိစစ်ရေးလုပ်ငန်းအဖွဲ့၊ ကြိုဆိုရေးလုပ်ငန်းအဖွဲ့၊ လုံခြုံရေးလုပ်ငန်းအဖွဲ့၊ စခန်းအုပ်ချုပ်ရေးအဖွဲ့တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ တပ်နယ်မှူးများက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နှစ်(၆၀) ပြည့် တပ်မတော်နေ့ ကျင်းပရေးစီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တင်ပြချက်များနှင့် စပ်လျဉ်း၍လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ညနေ၅နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ကြည့်ရှုအားပေး

မတ် ၆ရက်က မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင်ကျင်းပသော မြန်မာ-ဂျပန် ချစ်ကြည်ရေး အမျိုးသားဘော်လီဘောပြိုင်ပွဲ၏ တတိယနေ့ပွဲစဉ်ကို ကြည့်ရှုအားပေးကြစဉ်။

(သတင်းဖော်ပြပြီး) (သတင်းစဉ်)

ဆိုက်ခေါင်-နမ့်စန်ရထားလမ်းဖောက်လုပ်နေသည့်ဝန်ထမ်းများနှင့် တပ်မတော်သားများအတွက် စားသောက်စရာများပေးအပ်

ရန်ကုန် မတ် ၇

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဆိုက်ခေါင်-နမ့်စန်ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေကြသော တပ်မတော်သားများ၊ မြန်မာ့မီးရထားမှ ဝန်ထမ်းများနှင့် ကုမ္ပဏီဝန်ထမ်းများအား မိုင်းနောင်တပ်နယ်နှင့် သံလွင်တောင်တန်းကုမ္ပဏီတို့မှ စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းပွဲကို မတ်၄ရက် နံနက် ၁၀နာရီတွင် စီမံကိန်းရုံး မွန်ချောင်းခန်းမ၌ကျင်းပရာ မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းအေးနှင့် တပ်မတော်အရာရှိကြီးများ၊ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းမှ စီမံကိန်းဒါရိုက်တာနှင့် ဝန်ထမ်းများ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ အလှူရှင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းအေးက စားသောက်ဖွယ်ရာများ လှူဒါန်းရခြင်းအကြောင်းကိုရှင်းလင်းပြောကြားသည်။

ထို့နောက် မိုင်းနောင်တပ်နယ်နှင့်သံလွင်တောင်တန်းကုမ္ပဏီတို့က လှူဒါန်းသည့်ငွေကျပ် ငါးသိန်းကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို အလှူရှင်များကိုယ်စား ဗိုလ်မှူးချုပ်သောင်းအေးနှင့် တာဝန်ရှိသူများက ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေကြသော စီမံကိန်းဝန်ထမ်းများ၊ တပ်မတော်သားများနှင့် ကုမ္ပဏီများမှတာဝန်ရှိသူများအားပေးအပ်ကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

တရားပွဲများ ကျင်းပမည်

ရန်ကုန် မတ် ၇

သန်လျင်မြို့ စာတိုက်ကုန်း မဏ္ဍလာရာမကျောင်းတိုက် ပဓာနနာယက အရှင်ဥတ္တရသည် မတ်၈ရက်တွင် ခရမ်းမြို့နယ် ကျုံမရမ်းရွာ၊ ၉ရက်နှင့်၁၀ရက်တွင် ဝရုံကန်ရွာ၊ ကျောင်းကန်ကြီးရွာ၊ ၁၁ရက်နှင့် ၁၂ရက်တွင် မကျည်းကန်ရွာ၊ သန်လျင်မြို့နယ် ဝင်းနက်ကန်ရွာ၊ ၁၃ရက်နှင့် ၁၄ရက်တွင် ခရမ်းမြို့နယ် ကမာညှတ်ကုန်းရွာ၊ ၃၀ရက်နှင့်၃၁ရက်တွင် သံတွဲမြို့ ငါးကျော်တောင်ရပ်ကွက် ရှင်ပြုအလှူပွဲတို့တွင် တရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့

၂၀၀၅ ခုနှစ်၊ မတ်လ(၈)ရက်

International Women's Day

8th March, 2005

အင်ဂျင်ဝိုင်ရောင်းအားမြင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မတ် ၇

ယူအေအီးနိုင်ငံ နက်ဒဟမ်းအယ်လ်ဂျာနာဟီထရေးဒင်းက ထုတ်လုပ်သော စူပါပါဝါတံဆိပ် အင်ဂျင်ဝိုင်စက်ဆီ ချောဆီများကို မြန်မာနိုင်ငံတစ်ဝန်းဖြန့်ချိရန်အတွက် မြန်မာနယူးစတားဂရုပ်အား တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် ခန့်အပ်ထားပြီးဖြစ်ရာ စူပါပါဝါအင်ဂျင်ဝိုင်၏ တတိယအကြိမ်မြောက် ရောင်းအားမြင့် ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းတွင် ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

ဒါရိုက်တာ ဦးအေးဝင်း(ခ)ဦးဘဂျမ်း **(ယာပုံ)** က နှုတ်ခွန်းဆက်စကားပြောကြားပြီး ရောင်းအား အကောင်းဆုံး ရောင်းချပေးခဲ့သော ကိုယ်စားလှယ်များအား ဆုချီးမြှင့်ရာ ပထမဆုကို တောင်ကြီးမြို့ စာရေးကြီးကားပစ္စည်းဆိုင်အား လည်းကောင်း၊ ဒုတိယဆုကို ကိုစိုးမြင့်ထွန်း (တာမွေကားပစ္စည်းဆိုင်)အား လည်းကောင်း၊ တတိယဆုကို မြန်မာရွှေသရဖူကုမ္ပဏီလီမိတက်အားလည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးရက်သတ္တပတ် ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့၌ကျင်းပ

ရန်ကုန် မတ် ၇

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ တိုင်းခွဲ ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် အဋ္ဌမနှစ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ် ဖွင့်ပွဲကို ဖေဖော်ဝါရီ၂၆ရက် နံနက် ၉နာရီက ပြည်မြို့ ဗိုလ်ချုပ်လမ်း သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းက အဖွင့်အမှာစကားပြောကြားပြီး တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းလွင်က အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ကြည့်ရှုအားပေး

ယင်းနောက် တာဝန်ရှိသူများနှင့် ဧည့်သည်တော်များသည် ရက်သတ္တပတ်လှုပ်ရှားမှု ပြခန်းဓာတ်ပုံများကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရောဝတီမြစ်ရေ မြင့်တက်လာနိုင်

ရန်ကုန် မတ် ၇

ဧရာဝတီမြစ်ရေသည် နောက် ၂ရက်မှ ၅ ရက်အတွင်း ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၆ပေခန့်၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၅ပေခန့်နှင့် ညောင်ဦးမြို့တွင် ၄ ပေခန့် လက်ရှိရေမှတ်များအထက်သို့ မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ ရက် (အဖိတ်နေ့)
၈-၃-၂၀၀၅(အင်္ဂါနေ့) နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တ သာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅။	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	ကဗျာပန်းဥယျာဉ်
၈:၀၅	၆။	အကပြိုင်ပွဲ
၈:၁၅	၇။	နှောင်းခေတ်တေးပဒေသာ
၈:၂၅	၈။	ကချင်ပြည်နယ် မိုးကောင်းတံတား
၈:၃၀	၉။	International News
၈:၄၅	၁၀။	Let's Go
		ညပိုင်း
၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၃ခုနှစ်)
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ) (သင်္ချာ)
၁၇:၁၅	၆။	တိုင်းရင်းသားရိုးရာအက
၁၇:၃၀	၇။	ခံစားနားဆင် တေးဓာတ်ဝင်
၁၇:၄၅	၈။	ဆိုကြမယ်၊ ပျော်ကြမယ်
၁၈:၁၀	၉။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **“မျောက်မင်းဝူခုန်း” (အပိုင်း-၇၄)**
၁၈:၃၀	၁၀။	ညနေခင်းသတင်း
၁၉:၀၀	၁၁။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၂။	နှစ်(၆၀) ပြည့်တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
၁၉:၂၀	၁၃။	သားငါးဖွံ့ဖြိုးပြည့်အကျိုး
၁၉:၃၀	၁၄။	ကြေးမုံရိပ်သွင် တေးနှယ်ဉ်
၁၉:၄၅	၁၅။	အမျိုးသားညီလာခံဂုဏ်ပြုတေး
၂၀:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **“သံစဉ်မဲ့ချစ်သူ”(အပိုင်း-၄၅)**

ဆံတော်ရှင်မြတ်မော်တင်

ပုသိမ်ခရိုင် ငပုတောမြို့နယ်ရှိ ဆံတော်ရှင်မြတ်မော်တင်စေတီတော်ကို သပ္ပာယ်စွာ ဖူးတွေ့ရစဉ်။

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငပုတောမြို့နယ်ရှိ တန်ခိုးကြီး သာသနာ့သမိုင်းဝင် မဟာမကုဋရံသီဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကို ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တပေါင်းလဆန်း ၁ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ(မတ်လ၁၀ရက်မှ၂၄ရက်အထိ) ၁၅ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ပေသည်။

မြတ်မော်တင် ဗုဒ္ဓပူဇနိယပွဲတော်ကို တစ်နှစ်လျှင် တစ်ကြိမ်သာ ကျင်းပပြီး ရှေးယခင်က ပွင့်ခဲ့သော ဘုရားရှင်တို့၏ ဓာတ်တော်မွေတော်များ တည်နေကိန်းဝပ်တော်မူကြောင်းကို ဂေါတမမြတ်စွာဘုရားကိုယ်တော်တိုင် မိန့်တော်မူခဲ့ပြီး ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် ပေးခဲ့သောဆံတော်များ တည်နေကိန်းဝပ်တော်မူရာ စေတီတော်မြတ် ဖြစ်ပေသည်။ မြတ်မော်တင်စေတီသို့ မြတ်စွာဘုရားကိုယ်တော်တိုင် နှစ်ကြိမ်ကြွရောက်ဖူးရာဌာန ဖြစ်ကြောင်း သမိုင်းအစဉ်အလာ၌ရှိနေသဖြင့် မြတ်မော်တင်စေတီသည် မြန်မာနိုင်ငံတော်၏ အဓိကရထင်ရှားသော စေတီတော်တစ်ဆူဖြစ်ပါသည်။

ဆံတော်ရှင်မြတ်မော်တင် စေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်သို့ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးပိုင် နှစ်ထပ်ရေယာဉ်ကြီးများဖြင့် ၉-၃-၂၀၀၅ရက်နေ့မှ ၂၄-၃-၂၀၀၅ရက်နေ့(တပေါင်းလပြည့်နေ့)အထိ ရန်ကုန်မှ ၂၅၃ မိုင် ဝေးကွာသော ခမောက်မော်သို့ ရန်ကုန်မြို့ လမ်းသစ်တံတားမှ နေ့စဉ် ညနေ ၃ နာရီမှစ၍ ရန်ကုန်-မအူပင်-ဝါးခယ်မ-မြောင်းမြ-ပုသိမ်-ငပုတော-ဟိုင်းကြီး-ခမောက်မော် ခရီးစဉ်ဖြင့် တစ်ဦး လျှင် ရိုးရိုးတန်းကျပ် ၁၂၈၀၊ ပထမတန်း ကျပ် ၄၆၅၀ဖြင့် လမ်းသစ်လက်မှတ်ရုံတွင် နံနက် ၈နာရီမှ ၁၁နာရီအထိ တစ်ရက်ကြိုရောင်းပြီး နံနက် ၁၁နာရီမှ ညနေ ၃ နာရီအထိ နေ့ချင်းရောင်းချပေးမည် ဖြစ်ပေသည်။ ပုသိမ်သို့ နောက်တစ်နေ့နံနက် ၈နာရီတွင် ရောက်ရှိမည်ဖြစ်သည်။ ပုသိမ်မှ နံနက် ၁၀ နာရီတွင် ထွက်ခွာရာ ခမောက်မော်သို့ ညနေ၅နာရီတွင် ရောက်ရှိပြီး တစ်ဆက်တည်းမှာပင် ဆံတော်ရှင်မြတ်မော်တင်ဘုရားသို့ ရောက်ရှိမည် ဖြစ်ပါသည်။

ဆံတော်ရှင် မြတ်မော်တင်စေတီကို မဟာသက္ကရာဇ် ၁၀၃ခုနှစ် ဝါဆိုလပြည့်နေ့တွင် ဂေါတမမြတ်စွာဘုရား၏ ဆံတော်ရှစ်ဆူကို တဖုဿနှင့် ဘလ္လိကညီနောင်တို့ပင့်ဆောင်လာခဲ့သည်။ ထိုဆံတော်များအနက်ဆံတော်နှစ်ဆူကို ဇေယျသေန နဂါးမင်းသည်ရယူခဲ့ပြီး လူနတ်ဗြဟ္မာသတ္တဝါတို့၏အကျိုးများ ဖွယ် ကိုးကွယ်ရာသာ ဖြစ်သင့်သည်ဟု ကြံစည်ပြီးလျှင် ရှေးအခါ သရနတောင်ယခု မော်တင်တောင်စွန်းကို တွေ့မြင်၍ ဝမ်းသာအားရဖြင့် ထိုမော်တင်တောင်တွင် သမုဒ္ဒရာအတွင်းမှ ထုတ်ယူအပ်သော မြသားရတနာတို့ဖြင့် စိုင်တမော့အရွယ်ရှိ စေတီမြတ်ကို တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။

ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီးတွင် ထူးကဲသော အံ့ဖွယ်များ ရှိပေသည်။ ၎င်းတို့မှာ-

- လပြည့်လကွယ်နေ့များတွင် ရောင်ခြည်တော် လွှတ်လေ့ရှိခြင်း၊
- ညချမ်းအခါတွင် စေတီတော်ကုန်းတော်၌ အမွှေးရနံ့များ ကြိုင်လှိုင်သင်းလျက်ရှိခြင်း၊
- ခေါင်းလောင်းများ မတီးဘဲ မြည်တတ်ခြင်း၊
- တောင်ကုန်းနှင့် ပရဝဏ်တို့တွင် ရာသီပန်းတို့ မပြတ်ပွင့်ခြင်း၊
- ညအခါ စေတီတော်အား တစ်ယောက်တည်း အဓိဋ္ဌာန်ပြု၍ရွတ်ဖတ်ပါက ရွှေသံ၊ ငွေသံကြားရခြင်း၊
- ဒုတိယကမ္ဘာစစ်အတွင်းက နယ်ချဲ့တို့ ပစ်ခတ်သည့် အမြောက်၊ ဗုံး၊ စက်သေနတ်ကျည်များ ပစ်ခတ်သော်လည်း ကျည်ဆန်မခခြင်း၊
- ယခုထက်တိုင် ဆွမ်းများ ရုံဖန်ရံခါ ဦးအောင်မတင်နိုင်ခြင်း၊
- လပြည့်လကွယ်တွင် စေတီကုန်းတော်မှ မောင်းသံဗုံသံစသော တူရိယာအမျိုးမျိုး၏ အသံများကို အရုဏ်ဦးအခါသမယတို့တွင် ကြားရတတ်ခြင်း၊
- ဘေးအန္တရာယ်ကျရောက်လာပါက စေတီတော်မြတ်ကြီးအား အာရုံပြု၍ ဆုတောင်းလိုက်သည်ရှိသော် ဘေးအန္တရာယ်များမှ လွတ်ကင်းခြင်း၊
- ဘုရားပွဲတော်ကြီးတွင် လူထောင်သောင်းချီ၍ လာရောက်သော်လည်း သောက်ရေကန်မှ ရေများမလျော့ခြင်း၊

မောင်တင်လှိုင် (ဟိုတယ်/ ခရီး)

- တပေါင်းပွဲတော်ကြီးဖြစ်ခါနီးတိုင်း ကျီးအုပ်ကြီးများ၊ အမျိုးအမည်မသိသော ငှက်အုပ်ကြီးများ တောင်တော်နှင့် စေတီတော်အား ပျံဝဲကြခြင်း၊
- ဘုရားပွဲတော်တွင် လူအပေါင်း ထောင်သောင်းချီ၍ လာရောက်သော်လည်း တောင်တော်တွင် လူပြည့်သည်ဟူ၍ မရှိခြင်း၊
- ဘုရားပွဲတော်တွင် ဆွမ်းတော်များ တောင်ပုံယာပုံစွန့်ပစ်ထားသော်လည်း ကျီးတစ်ကောင်မှ လာရောက်စားသောက်မှု မရှိခြင်း၊
- စေတီတော်၏ ရင်ပြင်တွင် ယုံကြည်စွာဖြင့် သစ္စာအဓိဋ္ဌာန်ပြု၍ ပုတီးစိပ်ပါက ရင်ပြင်တော်မှ မြည်ဟည်းသံများ ကြားရခြင်း၊
- စေတီတော်ကို အဝေးမှဖူးတွေ့ရလျှင် စေတီတော်ပရဝဏ်သို့ ကြည်ညိုစိတ်ဖြင့်ရောက်ရှိပြီး ဖူးမြော်ဦးခိုက်လျှင် ကာယသုခ၊ စိတ္တသုခ နှစ်ပါးစလုံး ချမ်းမြေ့ကြည်နူးရခြင်း

စသည်တို့မှာ စေတီတော်မြတ်ကြီး၏ အံ့ဖွယ် တန်ခိုးတော်များပင် ဖြစ်ပေသည်။

ဆံတော်ရှင် မြတ်မော်တင်ဘုရားသို့ ဘုရားဖူးသွားနိုင်စေရန် ဗလရာဇာ ရေယာဉ် ပြေးဆွဲပေးလျက်ရှိသည်။

ဘုရားဖူးများ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် သွားရောက်ဘုရားဖူးနိုင်ရေးအတွက် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်း ရေကြောင်း ပို့ဆောင်ရေးမှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပေသည်။

ခရီးသွားလာရေး၊တည်းခိုနေထိုင်စားသောက်ရေးကအစ လိုလေသေးမရှိ ဆောင်ရွက်ထားသည်။ ခမောက်မော်မှ မော်တင်စွန်းဘုရားအရောက် မော်တော်ယာဉ်လိုင်းပေါင်းစုံမှ ယာဉ်အမျိုးမျိုးဖြင့် ပြေးဆွဲပေးလျက်ရှိသည်။ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနမှ ခမောက်မော်ဆိပ်ကမ်းတွင် စာတိုက်နှင့် ကြိုးမဲ့ကြေးနန်း ဆက်သွယ်ရေးစခန်းများ ထားရှိပေးနေသည့်အတွက် ဘုရားဖူးများအတွက် များစွာအဆင်ပြေလျက် ရှိပေသည်။

လူများ၊ နတ်များသာမက နတ်နဂါးတို့ အလွန်ကြည်ညိုခဲ့သော စေတီဖြစ်ရာ နံနက်နှင့် ညနေချမ်းအချိန်အခါများတွင် ဇေယျသေနနဂါးမင်း အမှူးပြုသော ရေနတ်နဂါးတို့သည် စေတီတော်၏ အနောက်တောင်ဘက်လမ်းမှ ဝတ္ထုပစ္စည်းများ ယူဆောင်ကာ ပူဇော်မှုပြုခဲ့ကြသဖြင့် ထိုလမ်းကို နဂါးလမ်းဟူ၍ လည်းကောင်း၊ ဆင်ဖြူတော်တို့သည် စေတီတော်တောင်ဘက်အရပ်မှ တက်ရောက်ဖူးမြော်ခဲ့ကြသဖြင့် စေတီတော်၏ တောင်ဘက်လမ်းကို ဆင်ဖြူတော်လမ်းဟူ၍ လည်းကောင်း၊ ဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်တို့သည် ကြည်ညိုသဒ္ဓါ ထက်သန်စွာဖြင့် စေတီတော်၏ အရှေ့တောင်အရပ်မှ တက်ရောက်ဖူးမြော်ခဲ့ကြ၍ စေတီတော်၏ အရှေ့တောင်လမ်းကို ဝိဇ္ဇာဓိုရ်လမ်း ဟူ၍လည်းကောင်း ခေါ်တွင်လျက်ရှိကြပေသည်။

အလောင်းစည်သူမင်းကြီး တိုင်းခန်းလှည့်လည်စဉ် မော်တင်စွန်းသို့ရောက်ခဲ့ရာ အလောင်းစည်သူမင်းကြီး၏ ဖောင်တော်ဦးတည်ရာ နေရာအရပ်တွင် အခြား မင်းတို့ဆက်သသော မြတ်စွာဘုရား၏ သရီရဓာတ်တော် အချို့ကို ဌာပနာပြု၍ မြသားစေတီကို သက္ကရာဇ် ၄၅၇ခုနှစ် တပေါင်းလပြည့်နေ့တွင် လူတစ်ရစ်၊ နတ်တစ်ရစ်၊ နဂါးတစ်ရစ်ဖြင့် အလောင်းစည်သူမင်းကြီးကိုယ်တိုင် တည်ထားတော်မူခဲ့သည့် ဘုရားများကိုလည်း ဖူးမြော်နိုင်ပေသည်။

မော်တင်စွန်းဘုရားသို့ ရောက်လျှင် တည်းခိုနေထိုင်ရေးအတွက် တည်းခိုအဆောင်များ၊ သီးသန့်တည်းခိုခန်းများ၊ ဇရပ်များ ထားရှိပေးထားသည်။ တည်းခိုဆောင်များမှာ သန့်ရှင်းမှုရှိပြီး ပွဲတော်ဈေးခင်းမှာ သဲသောင်ပြင်ရှိ ပင်လယ်ရေပြင်၏ အလှနှင့်ပနံရ တင့်လျက်ရှိသည်။

ဘုရားဖူးပြည်သူများ ကျန်းမာရေးနှင့် လုံခြုံရေးကို ဌာနဆိုင်ရာများမှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ မြို့နယ်၊ ကျေးရွာ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ သူနာပြုဆရာ ဆရာမများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက နေ့ညမပြတ် စောင့်ရှောက်ပေးကြသည်။

မြတ်မော်တင်စေတီတော်ကို ဖူးမြော်ရင်း ဧရာဝတီတိုင်း၏ သာယာတိုးတက်ဖွံ့ဖြိုးနေသော လုပ်ငန်းများ၊ ရေမြေတောတောင်များ၏ အလှသဘာဝ ရှုခင်းများ၊ ဧရာဝတီတိုင်းသားတို့၏ ရိုးသားကြိုးစားမှုများ၊ အုန်းပင်များ၊ ဓနိပင်များ၊ စပါးပင်များ စသည့် စိုက်ခင်းများကို ရှုစားခံစားရင်း၊ ဧရာဝတီ မြစ်ကူးတံတားများ၊ မြန်မာနိုင်ငံ၏ အထူးစီမံကိန်းများနှင့် ဟိုင်းကြီးကျွန်း ဆိပ်ကမ်းရှိ များပြားလှသော ငါးဖမ်းရေယာဉ်များ၊ သာယာလှပသည့် ကျေးရွာများ စသည်တို့ကို တအံ့တသြ တွေ့ရှိရမည့်အပြင် ဒေသန္တရ ဗဟုသုတများလည်း များစွာရရှိမည် ဖြစ်ပါသည်။

ပုသိမ်မှ ဆံတော်ရှင်မြတ်မော်တင်ဘုရားသို့ ၁၀၁မိုင် ၃ဖာလုံကွာဝေးသော ကားလမ်းရှိရာ မော်တော်ကားများဖြင့်လည်း သွားလာနိုင်ပေသည်။

သွားရေးလာရေးမှာ အထူးပင်လွယ်ကူလှသည်။ ရန်ကုန်မှ ညနေ ၃နာရီ အချိန်မှန် သင်္ဘောထွက်ပြီး နောက်တစ်နေ့ ညနေပိုင်းတွင် ခမောက်မော်သို့ ရောက်၍ တစ်နေ့တည်းမှာပင် မော်တင်စွန်းဘုရားသို့ရောက်၏။ ခမောက်မော်မှ ရန်ကုန်သို့ နံနက် ၈နာရီတွင် ပြန်လည်ထွက်ခွာလာပါက နောက်တစ်နေ့ နံနက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်နိုင်ပါသည်။

စိတ်ရွှင်လန်းမှုဖြစ်ရခြင်း၊ ကျန်းမာရေးကို အထူးအထောက်အပံ့ပေးသော ပင်လယ်လေ၊ လေကောင်းလေသန့်များကို ရှူရှိုက်ရခြင်း၊ တွေ့မြင်ရခြင်း၊ သဲသောင်ကမ်းစပ်များပေါ်တွင် လမ်းလျှောက်ရခြင်း၊ သဘာဝရေကို ရေချိုး၍ အုန်းရေချိုချိုလေးများ သောက်ရခြင်း၊ ဒေသထွက်ကုန်ပစ္စည်းများကို အမှတ်တရ ဝယ်ယူရရှိနိုင်ခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူတို့၏ စည်းလုံးညီညွတ်မှု၊ ရိုးသားမှု၊ ဧည့်ဝတ်ကျေပွန်မှုတို့ကို ထိတွေ့ခံစားနိုင်ပေသည်။

ယခုနှစ်တွင် ဆံတော်ရှင် မြတ်မော်တင်ဘုရားကြီးနှင့် အရံစေတီ ၁၆ဆူတို့အား ထီးတော်အသစ်များ တင်လှူမည်ဖြစ်ပြီး သာသနိက အဆောက်အအုံများကိုလည်း ပြန်လည်ပြုပြင်ကြမည် ဖြစ်ပေသည်။

ဘုရားဖူးများအတွက် သက်ဆိုင်ရာက စိတ်အေးချမ်းသာ ကြည်ညိုစွာ ဘုရားဖူးမြော်နိုင်ရန်အတွက် အဘက်ဘက်မှ ပြည့်စုံစွာ စီစဉ်ထားရှိပြီးဖြစ်ရာ မဟာမကုဋရံသီ ဆံတော်ရှင်မြတ်မော်တင်စေတီ ဗုဒ္ဓပူဇနိယပွဲတော်ကို သွားရောက်ဖူးမြော်စေလိုကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြတ်မော်တင်စေတီတော်ကို ဖူးမြော်ရင်း ဧရာဝတီတိုင်း၏ သာယာတိုးတက်ဖွံ့ဖြိုးနေသော လုပ်ငန်းများ၊ ရေမြေတောတောင်များ၏ အလှသဘာဝ ရှုခင်းများ၊ ဧရာဝတီတိုင်းသားတို့၏ ရိုးသားကြိုးစားမှုများ၊ အုန်းပင်များ၊ ဓနိပင်များ၊ စပါးပင်များ စသည့် စိုက်ခင်းများကို ရှုစားခံစားရင်း၊ ဧရာဝတီ မြစ်ကူးတံတားများ၊ မြန်မာနိုင်ငံ၏ အထူးစီမံကိန်းများနှင့် ဟိုင်းကြီးကျွန်း ဆိပ်ကမ်းရှိ များပြားလှသော ငါးဖမ်းရေယာဉ်များ၊ သာယာလှပသည့် ကျေးရွာများ စသည်တို့ကို တအံ့တသြ တွေ့ရှိရမည့်အပြင် ဒေသန္တရ ဗဟုသုတများလည်း များစွာရရှိမည် ဖြစ်ပါသည်။

8-3 (15).p65 1 3/24/05, 11:13 AM

ဒိုက်ဦးမြို့နယ် စည်ပင် သာယာရေး အဖွဲ့က ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေး နှစ်အတွင်း ကျေးလက် အိမ်ရာ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဖအောင်ဝဲ ကျေးရွာရှိ ဦး ကျော် မျိုး နိုင် ၏ ကျေးလက် အိမ်ရာ ဆောင်ရွက် ပြီးစီးမှုကို တွေ့ရစဉ်။
(ခရိုင် ပြန်/ဆက်)

နမ့်ခမ်းမြို့နယ်တွင် ကျေးလက်မြေသားလမ်း ဖောက်လုပ်ပြီးစီး

နမ့်ခမ်း ဖေဖော်ဝါရီ ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မန့်ခမ်း-ကောင်းဝိုင်း ကျေးလက်မြေသား လမ်းအရှည် သုံးမိုင်၊ အကျယ်ပေ ၂၀ ကို ခွင့်ပြုငွေကျပ် ၅၂၂၀၀၀၀ဖြင့် ဖောက်လုပ်ပြီးစီးမှုအခြေအနေကို ဖေဖော်ဝါရီ ၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်တိုးနှင့် အငယ်တန်း အင်ဂျင်နီယာ(၂)ဒေါ်စိုးစိုးထွန်းတို့က ကွင်းဆင်း ကြည့်ရှု စစ်ဆေးကြကြောင်း သိရသည်။**(အောက်ဝဲပုံ)**

(မြို့နယ် ပြန်/ဆက်)

ပုသိမ်မြို့တွင် ကိုယ့်အားကိုယ်ကိုး ပညာပဒေသာစာကြည့်တိုက်ဖွင့်

ပုသိမ် မတ် ၂

ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ပုသိမ်မြို့အမှတ်(၄)ရပ်ကွက် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့၏ အစီအစဉ်ဖြင့် ကိုယ့်အားကိုယ်ကိုး ပညာပဒေသာ စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ရက် နံနက် ၉နာရီက အမှတ်(၄)ရပ်ကွက် ဘွက်ကြီးတန်းလမ်း စာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် ပုသိမ်ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဦး က ပညာပဒေသာ စာကြည့်တိုက် ဖွင့်လှစ်သည့် ရည်ရွယ်ချက်များ ရှင်းလင်း ပြောကြားပြီး အထိမ်းအမှတ် အလံအား(၄)ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်သန်းက တိုင်းမိခင်နှင့်ကလေးစောင့် ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်လတ်သို့ ပေးအပ်သည်။

(အပေါ်ယာပုံ)

အစီအစဉ်အရ ဧရာဝတီတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင် လတ်နှင့် ခရိုင်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဦးတို့က စာကြည့်တိုက် အတွက် လှူဒါန်းသော စာအုပ်များ ပေးအပ်ရာ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ရီရီဝင်းက လက်ခံရယူကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရေပူရွာမှ ကျောက်နီရွာသွား ကျေးလက်လမ်းဆောင်ရွက် ပတ်ဝန်းကျင်ကျေးရွာများသို့ ရာသီမရွေးသွားလာနိုင်ပြီ

တောင်ကြီး ဖေဖော်ဝါရီ ၂၁

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ကျေးလက်လမ်းဖြစ်သည့် ရွှေညောင် - ရပ်စောက်သွားလမ်းမကြီးမှ ခွဲထွက်သော ရေပူရွာမှ ကျောက်နီရွာသွားလမ်းကို ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာ ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန်၊ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးထင်အောင်မြင့်၊ အင်ဂျင်နီယာမှူး ဦးထွန်းနိုင်တို့ ဖေဖော်ဝါရီ ၅ရက်က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြသည်။ အဆိုပါလမ်းပြီးစီးသဖြင့် ကျောက်နီကျေးရွာ၊ စမ်းချောင်းကျေးရွာ၊ ဆူးပုတ်ကွေ့ကျေးရွာ၊ သရက်ပင်လှကျေးရွာနှင့် ဘုရားနီကျေးရွာများသို့ ရာသီမရွေး သွားလာနိုင်ပြီ ဖြစ်သည်။

အဆိုပါ ကျေးလက် ကတ္တရာလမ်းအရှည် ၁မိုင်၃ဖာလုံကို ကုန်ကျငွေကျပ် ၅၄သိန်းဖြင့်လည်းကောင်း၊ ကျောက်ချောလမ်းအရှည် ၃မိုင်၅ဖာလုံကို ကုန်ကျငွေကျပ် ၈၄သိန်းဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

ကျေးလက် တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ပုလောမြို့ငုရွှေဝါ(၃)လမ်း ကျောက်ချောလမ်းဖွင့်

ပုလော ဖေဖော်ဝါရီ ၂၈

တနင်္သာရီတိုင်း ပုလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ခွင့်ပြုငွေ ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော အမှတ် (၂)ရပ်ကွက် ငုရွှေဝါ(၃)လမ်း ကျောက် ချောလမ်းဖွင့်ပွဲအခမ်းအနားကို ဖေဖော် ဝါရီ ၁၂ရက်က အဆိုပါ လမ်းမုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းနှင့် မြို့နယ်စည်ပင်သာ ယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်လွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ် ပေးကြသည်။

အကုန်အကျခံဆောင်ရွက်

အဆိုပါ ကျောက်ချောလမ်း သည်အကျယ်၁၂ပေ၊ အရှည်ပေ၁၄၅၀ ရှိပြီး တန်ဖိုးငွေကျပ် ၁၂၈၀၀၀၀နှင့် ပြည်သူများ ထည့်ဝင်ငွေကျပ်၂၆၀၀၀၀ ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ **(နယ်စပ်/စည်ပင်)**

စက်ရေတွင်းများပြုပြင်ထိန်းသိမ်းခြင်းသင်တန်း ပခုက္ကူမြို့တွင် လက်တွေ့သင်ကြားပို့ချပေး

ပခုက္ကူ မတ် ၃

စည်ပင်သာယာရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် တူးဖော်ဆောင်ရွက်ပေးခဲ့သော စက်ရေတွင်းများ ရေရှည်တည်တံ့ခိုင်မြဲစေရန် စက်ရေတွင်းပြုပြင်ထိန်းသိမ်းရေးသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိသည်။

မကွေးတိုင်း ပခုက္ကူမြို့နယ်စည်ပင်သာယာ ရေးအဖွဲ့က စက်ရေတွင်းများ ပြုပြင်ထိန်းသိမ်းခြင်း၊ သင်တန်းများကို ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ကျင်းပပေးလျက်ရှိရာ ဖေဖော်ဝါရီ ၁၄ ရက်က ဆင်မင်း၊ ရွှေတန့်တင့်၊ကွန်းရွာ၊ ဘုရားကုန်း၊ ဒေါင်းစား၊ နှောကုန်း၊ မီးသွေးကန်နှင့် သဘော်ကုန်းကျေးရွာများမှ သင်တန်းသား ၄၀အားလည်းကောင်း၊ ဖေဖော်ဝါရီ ၂၂ရက်က လက်ပံကန်၊ မြင်းကျွန်း၊ အနောက်မကျည်းကန်၊ မရိုးကန်၊ သိမ်ကုန်း၊ပေါင်းလောင်းကန်၊ ဆည်ရွာ၊ညောင်လှ၊ ကျွန်းညိုကြီး၊ ကျွဲတဲ(ကန်းနား)၊အရှေ့ငကျော်၊ ကုလားချောင်း၊ကွန်းရွာ၊ လှည်းချောင်းပေါက်၊ မကျည်းကန်၊ ညောင်ပင်လှ၊ ဆင်မြူကျွန်း၊ ရွာသာအေး၊ ကမ္ဘကျေးရွာများမှ သင်တန်းသား ၅၀အားလည်းကောင်း ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးမြင့်စိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးအေးကိုတို့က ရက်တိုသင်တန်းအဖြစ် လက်တွေ့ သင်ကြား ပို့ချပေးခဲ့ကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

မတ် ၃ရက်က ကျုံပျော်မြို့နယ် ရွှေကညင်ပင်အုပ်စု ရွာသာကြီး ကျေးရွာတွင် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် လင်းရောင်ခြည် စာကြည့်တိုက်ဖွင့်ပွဲနှင့် စံပြကျေးရွာ ဆိုင်းဘုတ်တင်ပွဲ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးသန်းအေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်တင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးတင်ညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြစဉ်။
(မြို့နယ် ပြန်/ဆက်)

စုပေါင်းဆောင်ရွက်

ဖေဖော်ဝါရီ ၂၁ရက်က မြောင်းမြမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက် ရှိသော ထုံးဘို-ကံ့ကော်ကုန်း ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်ခြင်း လုပ်ငန်းကို တာဝန်ခံအင်ဂျင်နီယာ ဦးမောင် မောင်သွင်နှင့် ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။
(မြို့နယ် စည်ပင်)

ရမည်းသင်းမြို့နယ် ရွှေဒါးတွေးကုန်းအုပ်စု ရွှေဒါးဆည်တွင်း ကျေးရွာတွင် ဒို့ကျေးရွာ အလင်းရောင်တင် ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်း အနားကို ဖေဖော်ဝါရီ ၁၄ ရက်က ကျေးရွာ အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး၌ ကျင်းပ ရာ ပြန်ကြားရေးနှင့်

ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူးဒေါ်ခင်ခင်မူ၊ ကျေးရွာဥက္ကဋ္ဌဦးတောနှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမောင်မောင်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။
(ခရိုင် ပြန်/ဆက်)

တောင်ကြီး ပညာရေးကောလိပ် ဆရာအတတ်ပညာ ဒီပလိုမာအပ်နှင်းပွဲကျင်းပ

တောင်ကြီး မတ် ၁

ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန တောင်ကြီးပညာရေးကောလိပ်၏ သတ္တမအကြိမ်မြောက် ဆရာအတတ်ပညာဒီပလိုမာအပ်နှင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ရက် နံနက်၉နာရီက တောင်ကြီးပညာရေးကောလိပ်ပညာရတနာခန်းမ၌ကျင်းပရာ ကျောင်းအုပ်ကြီးဒေါ်မြမြကြည်က(၇/၂၀၀၂)သင်တန်းသူ၂၈၈ ဦးနှင့် (၈/၂၀၀၃)သင်တန်းသူ၂၆၈ဦးတို့အား ဆရာအတတ်ပညာ ဒီပလိုမာလက်မှတ်များ ပေးအပ်သည်။

(အောက်ဝဲပုံ)

အဆိုပါ အခမ်းအနားသို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ဦးစီးအရာရှိကြီးများ၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ရဲထွန်းစိန်နှင့်အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ပညာရေးကောလိပ်မှ ဌာနမှူး၊ လက်ထောက်ကထိကနှင့် နည်းပြများ၊ ကျောင်းသားနှင့် မိဘဆွေမျိုးများ တက်ရောက်ကြကြောင်းသိရသည်။ **(က-ပ)**

တွံတေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့်အခြေခံမီးသတ်သင်တန်း အမှတ်စဉ် (၁/၂၀၀၅)သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က တော်ဝင်စန္ဒကူးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်နိုင်က သင်တန်းဆင်း အမှာစကားပြောကြားစဉ်။ (၃၈၀)

ကျန်းမာရေးပညာပေးဟောပြောပွဲ ရမ်းဗြဲမြို့တွင်ကျင်းပ

ရမ်းဗြဲ ဖေဖော်ဝါရီ ၂၈

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့တွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် ကာလသားရောဂါတိုက်ဖျက်ရေး ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ၂၄ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာန ရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်က ကြီးကြပ်၍ မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာကျော်မြင့်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ မြို့နယ် ကြက်ခြေနီအသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းတွင် မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာကျော်မြင့်က ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် ကာလသားရောဂါ တိုက်ဖျက်ရေး ဦးတည်အုပ်စုများတွင် ရာနှုန်းပြည့် ကွန်ဒုံးအသုံးပြုနိုင်ရေး စီမံချက်ကို အကျယ်တဝင့် ရှင်းလင်းပြောကြားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်း ပြည် နယ် (မြောက်ပိုင်း)သီပေါ မြို့ နယ် စည်ပင်သာယာ ရေး အ ဖွဲ့ က ဆောင် ရွက် သော နမ့်လန်မြို့နဝဒေးလမ်း ကျောက် ချော လမ်းသစ် ဖွင့်ပွဲကို ဇန်နဝါရီ ၁၇ရက်က ကျင်းပရာ သီပေါ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးအောင်၊ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် နမ့်လန်မြို့အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်း တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

ကျောင်းကုန်းမြို့နယ်၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့် စာအုပ်၊ တီဗွီနှင့် ဗီဒီယိုကက်ဆက်များလှူဒါန်း

ကျောင်းကုန်း ဖေဖော်ဝါရီ ၂၈

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ့်အားကိုယ်ကိုး ကျေးလက် စာကြည့်တိုက်များ ဖွင့်လှစ်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၁၆ရက်က ကျောင်းကုန်းမြို့နယ် မိုးမခကျေးရွာ တိုးတက်မြင့်မား(၁)ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို မိုးမခကျေးရွာ ဒေါင်းစုရွာခွဲတွင် ကျင်းပရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ညွန့်နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်စမ်းစမ်းကျော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးလက် စာကြည့်တိုက်အတွက် စာအုပ်များပေးအပ်လှူဒါန်းပြီး၊ ကျေးရွာဥက္ကဋ္ဌက ကျေးရွာပြည်သူများ ကြည့်ရှုရန် တီဗွီတစ်လုံးနှင့် ဗီဒီယိုကက်ဆက်တစ်လုံး ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

အကြိုအခြေခံ မီးသတ်သင်တန်းဆင်း

မင်းဘူး ဖေဖော်ဝါရီ ၂၈

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ စည်ပင်သာယာဈေးအရန်မီးသတ်တပ်ဖွဲ့ အကြိုအခြေခံမီးသတ်သင်တန်း (၁/၂၀၀၅)သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၇ ရက်က ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်လွင်တို့က အမှာစကားများ ပြောကြားကြပြီး မီးသတ်ဝတ်စုံများ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မြို့ရေပေးရေး ကန်တော်ကြီး ရေလှောင်တမံတာပေါင် မြေသားဖို့ခြင်း လုပ်ငန်းကို ဇန်နဝါရီ၂၄ ရက်က အမှုဆောင်အရာရှိ ဦးလှဦးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်မျိုးဝေတို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)



မြန်မာ့အသံ

၉-၃-၂၀၀၅(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ခန္ဓသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (သစ်ပင်သစ်တောသယံဇာတများ ထိန်းသိမ်းခြင်း-မောင်ဆုရှင်)

၁၂း၀၀ မြန်မာ့အနုသဘင် (ဆရာကြီး ဦးဂုဏ်ဘဏ်)

၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး (နှလုံးသွင်းအပ်သော အချက်နှစ်ချက်-တက္ကသိုလ်သစ်)

၁၂း၃၅ ဇာတ်လမ်းပမာနားဆင်စရာ (လှမ်းလက်ကမ်းလင့် ကြိုတော်မူ)

၁၃း၁၀ ယဉ်ကျေးမှုအနုပညာ(ကြေးထွင်း ပုံနှိပ်ပန်းချီ-ဦးမင်းနိုင်

ညနေပိုင်း

၁၆း၁၀ ဟောပြောချက်(ရှေးမြန်မာ့ တပ်မတော်၏ မျိုးချစ်စိတ်ဓာတ် အစဉ်အလာကောင်းများ

၁၇း၀၀ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဆုရတေးများ

၁၇း၃၀ အစာနှင့် အာဟာရ (ငွေးဖူးချဉ်ရေနှင့် မြူရွက်သုပ်)

၁၇း၄၅ သူ့လက်သံ(ဆို၊က၊ရေး၊တီးဆုရ မကွေးတိုင်းမှ မောင်စွမ်းထက်၏ ပတ္တလားလက်သံ)

၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁)ရိုးရိုးကျင့် မြင့်မြင့်ကြံ (ချစ်နိုင်-စိတ်ပညာ)
(၂)ငွေကမ္ဘာ (ကမ္ဘာလှည့်တင်တင်စိန်)

၁၉း၁၅ မန်းသီရိတေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သော လွန်လွန်း၏ ကောင်းကင်ရဲ့ ကြယ်စင်တေးစီးရီး

ဘိုကလေးမြို့ အမကကျောင်းများ ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

ဘိုကလေး ဖေဖော်ဝါရီ ၁၅

ဘိုကလေးမြို့နယ် ပညာရေးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် အခြေခံပညာ မူလတန်းကျောင်းများ ဘောလုံးပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ရက်က မလော့ကျေးရွာအုပ်စု ပေချောင်းကြီးကျေးရွာ ကံ့ကော်တစ်ထောင် ဆရာတော်မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကေလာသ၏ အားကစားကွင်းတွင် ကျင်းပသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်က ဘောလုံးပြိုင်ပွဲတွင် ပထမဆုရ ကညင်ချောင်း(အမက)အား ဆုများပေးအပ်ချီးမြှင့်ပြီး ဒုတိယဆုနှင့် တတိယဆုများကို တာဝန်ရှိသူများက ဆက်လက်၍ ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သဘာဝဝန်းကျင် ထိန်းသိမ်းရေး ပညာပေးဟောပြော

ပေါက်ခေါင်း ဖေဖော်ဝါရီ ၂၈

သဘာဝဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးဟောပြောပွဲ အခမ်းအနားကို ပဲခူးတိုင်းပေါက်ခေါင်းမြို့နယ်ကြို့ပင်ကန် အထက်တန်းကျောင်း (ခွဲ)၌ ဖေဖော်ဝါရီ၁၈ရက် မွန်းလွဲ၁နာရီကကျင်းပရာ ပေါက်ခေါင်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မြတ်ကျော်က ဟောပြောပို့ချသည်။

အဆိုပါ ဟောပြောပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးတင်စိုး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ပညာရေးဝန်ထမ်းများ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ အင်အား၃၀၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။ **(က-ပ)**

အမြို့မြို့ အနယ်နယ် သတင်းများ

ငပုတော မြို့နယ် ကိုးတောင် ကျေးရွာ အုပ်စု အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းတွင်း မူကြိုကျောင်းဆောင်၌ ပြည့်စွမ်းအား ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ၂ရက်ကကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မာလာဝင်း၊ ကျောင်းအုပ်ဆရာကြီး ဦးသက်နိုင်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးကျော်စိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

အမျိုးသား ညီလာခံ စုံညီ အစည်းအဝေး

မတ် ၇ ရက်က အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီ မြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။

(သတင်း-ရှေ့ဖုံး)

(သတင်းစဉ်)

နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများကအပ်နှင်းထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးထမ်းဆောင်ရမည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့တွင် ဝန်ကြီးချုပ်မပါရှိတော့ဘဲ နိုင်ငံတော်သမ္မတကဦးဆောင်သွားမည်

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၏ ရှင်းလင်းတင်ပြချက်

ရန်ကုန် မတ် ၇

၂၀၀၅ ခုနှစ် မတ်၇ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအနက် အုပ်ချုပ်ရေးအပိုင်းပါ "နိုင်ငံတော်သမ္မတ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ"နှင့် စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၏ ရှင်းလင်းတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

နိုင်ငံတော်သမ္မတ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် "နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော်သမ္မတ ဖြစ်သည်" ဟူ၍လည်းကောင်း၊ "နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်"ဟူ၍လည်းကောင်း၊ "နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများက အပ်နှင်းထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးထမ်းဆောင်ရမည်"ဟူ၍လည်းကောင်း အခြေခံရမည့်မူနှင့် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ခဲ့ပြီးဖြစ်ကြောင်း။

စာမျက်နှာ ၄ ကော်လံ ၁ ✻

အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအနက် အုပ်ချုပ်ရေး အပိုင်းပါ "နိုင်ငံတော်သမ္မတ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ" နှင့် စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတစ်ခုနှင့်တစ်ခုအကြား နိုင်ငံတော်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စရပ်များမှအပ ချက်ချင်းအရေးယူဆောင်ရွက်ရန် လိုအပ်သောအုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များအတွက် ဥပဒေကဲ့သို့အာဏာတည်သောအမိန့်(Ordinance)ကို ထုတ်ပြန်ခွင့်ရှိ

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၏ တင်ပြချက်

ရန်ကုန် မတ် ၇

၂၀၀၅ ခုနှစ် မတ်၇ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် အုပ်ချုပ်ရေးအပိုင်းပါ "နိုင်ငံတော်သမ္မတ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ"နှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၏ ဆက်လက်ဖတ်ကြားတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဆက်လက်ပြီး သံတမန်များခန့်အပ်ခြင်း၊ ပြန်လည်ခေါ်ယူခြင်း၊ နိုင်ငံခြားသံတမန်များအား ခန့်အပ်ရန်သဘောတူခြင်း၊ နိုင်ငံခြားသံတမန်များ၏ခန့်အပ်လွှာကိုလက်ခံခြင်း၊ ပြန်လည်ခေါ်ယူရန်အကြောင်းကြားခြင်းဆိုင်ရာတာဝန်နှင့် လုပ်ပိုင်ခွင့်တို့နှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ၏စိစစ်လေ့လာချက်များကို တင်ပြမည်ဖြစ်ကြောင်း။

ဤတာဝန်နှင့် လုပ်ပိုင်ခွင့်ကို ကမ္ဘာ့နိုင်ငံအသီးသီးရှိ သမ္မတအုပ်ချုပ်သည့် နိုင်ငံအတော်များများတွင် နိုင်ငံတော်သမ္မတအား အပ်နှင်းထားလေ့ရှိကြကြောင်း၊ သို့သော်လည်း ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် နိုင်ငံတော်သမ္မတ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်အဖြစ် သီးခြားပြဋ္ဌာန်းမထားဘဲ ပြည်ထောင်စုဥပဒေပြုစာရင်း၌သာ

စာမျက်နှာ ၆ ကော်လံ ၁ ●



အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအနက် အုပ်ချုပ်ရေး အပိုင်းပါ "နိုင်ငံတော်သမ္မတ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ"နှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင် ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)